# မြဝတီ

နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


- www.myawady.net.mm
- E-mail:mwddailynewspapergroup@gmail.com

- အတွဲ(၁၆)၊ အမှတ်(၁၄၂)

- ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ တနင်္လာနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်" သို့တက်ရောက်၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့နိုင်ငံရေးနှင့်စီးပွားရေးအပြောင်းအလဲများ၊ စိန်ခေါ်မှုများမြင့်မားနေသည့် ကာလအတွင်း၌ပင် အပြန်အလှန်လေးစားမှုများဖြင့် ဒေသတွင်းတွင် အားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် **"မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"** ကို ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Melia Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး **နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍** ဆွေးနွေးပြောကြားသည်။

အဆိုပါ **"မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"**သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နှင့် အစိုးရအဖွဲ့မှ

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်" တွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# မိုင်းခတ်မြို့နယ်ရှိ သံဃာတော်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၆

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၊ မိုင်းနှုန်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့်

**စာမျက်နှာ ၁၂ ကော်လံ ၁** ❐


**မြဝတီ ယနေ့ဖတ်စရာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား
စာ - ၁၁ သို့

..........................................................

တွဲလက်ညီညီ အောင်ပွဲဆီသို့ တက်လှမ်းလိုပင် မြန်မာ-ဗီယက်နမ်ခရီးစဉ်
ဆောင်းပါး၊ စာ - ၅ သို့

..........................................................

ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူပွဲ မင်္ဂလာအခမ်းအနား ကျင်းပ
စာ - ၁၄ သို့

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၇ ရက်

# ဒေသတွင်းကုန်သွယ်မှုနှင့်လူမှုစီးပွားဖွံ့ဖြိုးရေး

မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုသက်တမ်း အနေဖြင့် နှစ်(၅၀)ပြည့် ရွှေရတုတိုင်ခဲ့ပြီးဖြစ်သည်။ ရှည်လျားသည့် သံတမန်ဆက်ဆံရေးကာလအတွင်း နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၌ ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးဟိုချီမင်းနှင့်မြန်မာနိုင်ငံမှဝန်ကြီးချုပ်ဟောင်းဦးနု၊ နိုင်ငံတော်သမ္မတဟောင်းဦးနေဝင်းစသည့် ခေါင်းဆောင်များလက်ထက်ကတည်းက ညီရင်းအစ်ကိုပမာရင်းနှီးချစ်ကြည်မှုရှိသည့်မိတ်ဆွေကောင်းများဖြစ်ကြသည်။ သမ္မတကြီး ဟိုချီမင်း၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အရေးပါသည့်မှတ်တိုင်တစ်ခုဖြစ်ပြီး ထိုခရီးစဉ်တွင် ရန်ကုန်တက္ကသိုလ်က သမ္မတဟိုချီမင်းကို ဥပဒေဆိုင်ရာဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်နိုင်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား စက်တင်ဘာလ ၅ ရက်နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမစ္စတာ တိုလန်းနှင့် ဇနီးတို့က အမျိုးသားလွှတ်တော် (National Assembly Building) ရှေ့ရင်ပြင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံဆွေးနွေးစဉ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက **"မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ခံအစိုးရသစ်တစ်ရပ်ဖွဲ့စည်းနိုင်ခဲ့ခြင်းတို့အတွက်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် မြန်မာအစိုးရနှင့်ပြည်သူများသည် တည်ငြိမ်အေးချမ်းမှုနှင့်လူမှုစီးပွားဘဝအခြေအနေများဖွံ့ဖြိုးတိုးတက်လာစေရေး၊ အုပ်ချုပ်ရေးယန္တရားခိုင်မာစေရေး၊ နိုင်ငံတကာနှင့်ဒေသတွင်းဆက်ဆံမှုများတိုးမြှင့်ခိုင်မာလာစေရေးတို့တွင် အရေးပါသောအကျိုးရလဒ်များ ရရှိလာခဲ့မှုအပေါ်တွင်လည်း ဂုဏ်ယူပါကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် **"မိမိတို့နှစ်နိုင်ငံသည် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်းများတူညီကြပြီး အခက်အခဲများစွာကို ကြုံတွေ့ကျော်ဖြတ်ခဲ့ရသည်ကို မိမိအနေဖြင့် ကောင်းစွာနားလည်သဘောပေါက်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့်ကြားမှ ယခုကဲ့သို့ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံတော်တစ်ခုကိုတည်ဆောက်နိုင်ခဲ့မှုအတွက် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်အပေါ်လေးစားဂုဏ်ယူပါကြောင်းကိုပြောကြားလိုပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုသည်လည်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်အတူ ကောင်းမွန်သောဆက်ဆံရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် နှစ်နိုင်ငံနိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများအဆက်ဆက်ပျိုးထောင်ခဲ့ကြသည့် ချစ်ကြည်ရင်းနှီးမှုများနှင့်ကောင်းမွန်သည့် သမိုင်းဝင်ဆက်ဆံရေးများ ရှိကြသည်။ ထို့ပြင်၂၀၁၇ ခုနှစ်၌ နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး(Comprehensive Cooperative Partnership) ကိုလည်းထူထောင်နိုင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မြန်မာ-ထိုင်း-လာအို-ဗီယက်နမ်အရှေ့-အနောက်စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေးလမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် သုံးနိုင်ငံအကြားလက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ကြမည်ဖြစ်သည်။ မြန်မာ-လာအို-ဗီယက်နမ်၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ်စသည့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံနှင့်ချိတ်ဆက်နိုင်မည်ဆိုပါက ဒေသတွင်းကုန်သွယ်ရေးနှင့်လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**ပင်းတယ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သိမ်ကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအတွက်အထောက်အကူပြုစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ကျွမ်းကျင်လုပ်သားများပေါ်ပေါက်လာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၆ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မာလာဆန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များနှင့် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်အေးအေးသန့်က သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများကို ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ပင်းတယမြို့နယ်အတွင်းရှိသိမ်ကုန်းကျေးရွာ၊ ကုန်းစောင်းကျေးရွာနှင့် အုံအက်ကျေးရွာတို့မှ သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်ပြီး သင်တန်းတွင် အခြေခံအပ်ချုပ်နည်းပညာ သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမများက စာတွေ့၊ လက်တွေ့ နှစ်မျိုးဖြင့် ၄၅ ရက်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

မြဝတီ နေ့စဉ်

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး (မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး (အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း (ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း
**စာတည်းအဖွဲ့ (မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
**စာတည်းအဖွဲ့ (အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့ (နေပြည်တော်)** - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့ (ရန်ကုန်)** - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂။
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

# ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်



မကွေး စက်တင်ဘာ ၆

ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁/၂၀၂၄) နှင့် (၂/၂၀၂၄)တို့မှ နေရပ်သို့ ထပ်မံရောက်ရှိလာသူများနှင့် အပတ်စဉ်(၃/၂၀၂၄)နှင့် (၄/၂၀၂၄) တို့တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး နေရပ်သို့ပြန်လည် ရောက်ရှိလာသောပြည်သူ့စစ်မှုထမ်း များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ် ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို က ဂုဏ်ပြုအမှာစကားပြောကြား ပြီး တာဝန်ရှိသူများနှင့်အတူ မကွေး တိုင်းဒေသကြီးမှတာဝန်ထမ်းဆောင် ခဲ့ကြသည့်ပြည်သူ့စစ်မှုထမ်းအပတ် စဉ်(၁)နှင့် (၂)တို့မှ ထပ်မံရောက်ရှိ လာသူ ၃၉ ဦးနှင့် အပတ်စဉ်(၃)နှင့် (၄)တို့မှ ပြန်လည်ရောက်ရှိလာသူ ၁၇၉ ဦး စုစုပေါင်း ၂၁၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း ဖြင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ် ကာ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်း ဆောင်ပြီး ပြန်လည်ရောက်ရှိလာ သူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



# နေပြည်တော်ကောင်စီနယ်မြေအတွင်း အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွား ၂၄ ဦးရှိ

နေပြည်တော် စက်တင်ဘာ ၆

နေပြည်တော်ကောင်စီနယ်မြေအတွင်း အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွား ၂၄ ဦးရှိကြောင်း နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ သိရသည်။

ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု မီးလောင်ကုန်းကျေးရွာ ရှိ အသက် ၁၀၉ နှစ်ပြည့်ပြီးဖြစ်သော အဘွားဒေါ်သန်းမြင့်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်း တွင် သွားရောက်တွေ့ဆုံကာ စားသောက်ဖွယ်ရာများနှင့် ဂါရဝပြုငွေ များ သွားရောက်ပေးအပ်သည်။

ထို့အတူ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအုပ်စု သာယာစု ကျေးရွာရှိ အသက် ၁၀၂ နှစ်ပြည့်ပြီးဖြစ်သော အဘွားဒေါ်ငယ် အား သွားရောက်တွေ့ဆုံကာ စားသောက်ဖွယ်ရာများနှင့် ဂါရဝပြုငွေ များ ပေးအပ်ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

# နည်းပညာတက္ကသိုလ်(မော်လမြိုင်) ကျောင်းဝင်းအတွင်းရှိ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ POLYTECHNIC UNIVERSITY (MAWLAMYINE) စီမံကိန်းပါအဆောက်အအုံများ ပန္နက်တင်အခမ်းအနားကျင်းပ



မော်လမြိုင် စက်တင်ဘာ ၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကျောင်းဝင်းအတွင်းရှိ POLYTECHNIC UNIVERSITY (MAW-LAMYINE) စီမံကိန်းပါ အဆောက် အအုံများ ပန္နက်တင်အခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင် မြို့ ရိုးဂိုးကျေးရွာအုပ်စု နည်းပညာ တက္ကသိုလ်(မော်လမြိုင်)ကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် တာဝန်ရှိသူများသည် နည်းပညာ တက္ကသိုလ်(မော်လမြိုင်) ကျောင်း ဝင်းအတွင်းရှိ POLYTECHNIC UNIVERSITY (MAWLAMYINE) စီမံကိန်းပါ အဆောက်အအုံများကို တစ်ပြိုင်တည်း ပန္နက်တင်ပေးခဲ့ကြ ပြီး စီမံကိန်းပါအဆောက်အအုံများ ဆောက်လုပ်မည့်အခြေအနေနှင့် ပြသထားသော စီမံကိန်းဒီဇိုင်းပုံစံ များကိုကြည့်ရှုကာ တာဝန်ရှိသူများ ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါစီမံကိန်းပါ အဆောက် အအုံများတွင် ပါမောက္ခချုပ်/ ဒုတိယပါမောက္ခချုပ် နေအိမ် တည် ဆောက်ခြင်း၊ လေးထပ် RC လူဦးရေ ၂၄၀ ဆံ့ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင် တစ်လုံး၊ RC သုံးထပ် ဆရာ၊ ဆရာမ အဆောင်တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ် သရုပ်ပြ ဆရာ၊ ဆရာမဆောင် တစ်လုံး၊ လေးခန်းတွဲ လေးထပ် အရာထမ်း အိမ်ရာတစ်လုံး၊ အလုပ်ရုံ နှစ်ထပ် RCC တစ်လုံး ဆောက်လုပ်ခြင်း၊ ဘောလုံးကွင်းဆောက်လုပ်ခြင်း၊ မီတာ ၄၀၀ ပြေးလမ်းပါ Synthetic ခင်းခြင်း၊ VIP နှင့် ရိုးရိုးတန်း ပွဲကြည့်စင်ဆောက်လုပ်ခြင်း၊ အင် လမ်းကွန်ကရစ်ခင်းခြင်း၊ ပြင်ပ မီးသွယ်တန်းခြင်းများ၊ ပြင်ပရေ ဂါလန် ၆၀၀၀ ဆံ့ မြေအောက် ရေလှောင်ကန်၊ ရေ၊ မီး၊ မိလ္လာ၊ အဝီစိတွင်း၊ Ground Tank ၂၀၀၀၀ ဂါလန်၊ ၄ လက်မအဝီစိ တွင်းနှင့် 400 V လိုင်းသွယ်တန်းခြင်း လုပ်ငန်းများပါဝင်ကြောင်း သိရ သည်။

စည်သူ(ပြန်/ဆက်)

**၆-၉-၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း** မှာ (၇,၁၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထုံးကျောက်လုပ်ကွက်နှင့် နိုင်ငံပိုင်ကျောက်အမှုန့်ကြိတ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည် မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စုရှိ ရွှေတောင်သတ္တု တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၏ အပါချီ ဘိလပ်မြေစက်ရုံတွင် ဘိလပ်မြေထုတ်လုပ်ရန်လိုအပ် သော ထုံးကျောက်၊ ရွှံ့စေး၊ မြေနီနှင့် ကျောက်မီးသွေး ထုတ်လုပ်နေမှု၊ ကုန်ကြမ်းစဉ်ဆက်မပြတ်ရရှိရေး စီမံဆောင်ရွက်ထားရှိမှု၊ ဘိလပ်မြေထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် စက်ရုံ၏ လုပ်ငန်းဆိုင်ရာ များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေး ပြီး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ထို့အတူ သာစည်မြို့နယ် ပြည်ညောင်ကျေးရွာ အုပ်စု သပြေတောင်ထုံးကျောက်လုပ်ကွက်တွင် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ဘိလပ်မြေ စက်ရုံအတွင်း ဘိလပ်မြေထုတ်လုပ်နေမှုကိုလည်း ကောင်း၊ သာစည်မြို့ နိုင်ငံပိုင်ကျောက်အမှုန့်ကြိတ် စက်ရုံဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် စက်ရုံ အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးသည်။


အဆိုပါခရီးစဉ်အတွင်း သာစည်ရုံးခွဲရှိ ဝန်ထမ်းများ နှင့်တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ



**(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲ ကွပ်ကဲမှုအဖွဲ့ခွဲ (ရန်ကုန်)နှင့်လေကြောင်း ရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)တို့မှ ရဲတပ်ဖွဲ့ဝင် များသည် စက်တင်ဘာလ ၆ ရက် နံနက် ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန် မြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက် တန်းကျောင်း၌ ချုံနွယ်ပိတ်ပေါင်းနှင့် အမှိုက်များ ရှင်းလင်းဆောင်ရွက်စဉ်။**

ချမ်းမြေ့



**(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ပဲခူးမြို့ မြို့မစခန်း စခန်းမှူး ဒုတိယရဲမှူး နေမျိုးထွန်း နှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင် ဘာလ ၅ ရက် နံနက်ပိုင်းတွင် ပဲခူး မြို့ လိပ်ပြကန်ရပ်ကွက် လိပ်ပြကန် ဘုန်းတော်ကြီးကျောင်း၌ ပြည်သူ့ အကျိုးပြုလုပ်ငန်းအဖြစ် လုပ်အား ပေးဆောင်ရွက်စဉ်။**

ဥသာတိုင်းသား

# တွဲလက်ညီညီ အောင်ပွဲဆီသို့ တက်လှမ်းလို့ပင် မြန်မာ-ဗီယက်နမ်ခရီးစဉ်

**ကေဇက်ဟိန်း( PPIB )**

ယနေ့သည် နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ဗီယက်နမ်နိုင်ငံခရီးစဉ်ဒုတိယနေ့ပဲဖြစ်ပါတယ်။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံမှုအပြင် အခြားသောနိုင်ငံရဲ့ အရေးပါသူများနဲ့ တွေ့ဆုံမှုတွေလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။ ခရီးစဉ်ရဲ့ အရေးကြီးဆုံး နေ့ရက်တစ်ရက်လို့ဆိုရမှာပါပဲ။ နှစ်နိုင်ငံခေါင်းဆောင်တွေချင်းတွေ့ဆုံရာမှာပြောတဲ့ ဆွေးနွေးချက်များဟာ နှစ်နိုင်ငံချစ်ကြည်ရေးကို အခြေခံပြီး ကဏ္ဍစုံထိ တစ်စတစ်စကျယ်ပြန့်သွားတဲ့အပြင် ဒေသတွင်းကနေ ကမ္ဘာ့မျက်နှာစာထိ ကျယ်ပြန့်သွားတတ်တဲ့ သဘောကို စာရေးသူ မကြာခဏတွေ့မြင်ခဲ့ရပါတယ်။

မည်သို့သော သဘောတူညီမှုများရရှိသွားမလဲ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများရဲ့ အရှိန်အဟုန် ဘယ်လောက်ထိတိုးမြှင့်သွားနိုင်မလဲ၊ ဘယ်လိုကဏ္ဍသစ်တွေ ဖော်ဆောင်သွားနိုင်ဦးမလဲ၊ ဒါတွေကတစ်ဆင့် နှစ်နိုင်ငံရဲ့မဟာဗျူဟာမြောက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာတိုလန်းတို့ စက်တင်ဘာလ ၅ ရက်က ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်းတို့ စက်တင်ဘာလ ၅ ရက်က နှစ်နိုင်ငံမှတာဝန်ရှိသူများနှင့်အတူ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

ပူးပေါင်းနိုင်မှုအောင်ပွဲကိုဘယ်လိုတက်လှမ်းသွားနိုင်မလဲ စတဲ့မေးခွန်းပေါင်းများစွာဟာ စာရေးသူရဲ့စိတ်ထဲ ပွဲတင်ထပ်လို့နေပါတယ်။ စာရေးသူလည်း နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါတဲ့ အထူးယာဉ်တန်းနဲ့ လိုက်ပါရင်း ခရီးစဉ်ဒုတိယရက်ကို စတင်ခဲ့ရပါတော့တယ်။

**ဟန္နိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြု**

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဟန္နိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်များဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့ဆီသို့ စတင်ခရီးဆက်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲဟာ ပြည်ပခရီးစဉ်တွေတိုင်းမှာ နိုင်ငံတွေရဲ့ သမိုင်းကြောင်း၊ နိုင်ငံအတွက် အသက်စွန့်ကြိုးပမ်းခဲ့သူတွေအတွက် အလေးအမြတ်ထားရာ သူရဲကောင်းဗိမာန်တွေကို သွားရောက်ဂုဏ်ပြုမြဲ၊ အလေးအမြတ်ပြုမြဲဖြစ်ပါတယ်။ သူရဲကောင်းဗိမာန်တွေဟာ နိုင်ငံတော်တွေရဲ့ သမိုင်းကိုလေးမြတ်စွာ ကမ္ပည်းရေးထိုးနိုင်သူတွေ၊ နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်ဝံ့သူတွေကို အသိအမှတ်ပြုထားတဲ့ အထိမ်းအမှတ်နေရာတွေပဲဖြစ်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်တိုင်းက အပြန်အလှန်သွားရောက်တိုင်းအလေးအမြတ်ပြုမြဲပါ။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ သူရဲကောင်းဗိမာန်မှာ ကျဆုံးလေပြီးသော အမျိုးသားသူရဲကောင်းများနှင့်အာဇာနည်များဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့မှာ ဂုဏ်ပြုတပ်ဖွဲ့၏ ဂါရဝပြုတီးမှုတ်မှုများနဲ့အတူ လွမ်းသူ့ပန်းခွေချခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံသမိုင်းကိုလေးစားမှု၊ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ သမိုင်းနေ့ရက်များကို ထပ်တူလေးစားဂုဏ်ယူနေမှုစတဲ့ စိတ်နှလုံးသားတွေရဲ့ ပြယုဂ်တစ်ခုပါပဲ။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့က ဂုဏ်ပြုကြိုဆို**

ကြည်လင်သာယာသော ကောင်းကင်ပြင်ကြီးက ဟန္နိုင်းမြို့ပြတစ်ခုလုံးကို လွှမ်းခြုံထားသည့်နှယ်။ ကြည်လင်တဲ့ ရာသီသဘာဝ၊ ဟန္နိုင်းမြို့ပြရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တို့ဟာ လိုက်ဖက်ညီနေပါတယ်။ မြို့ပြပုံရိပ်အစုံစုံတို့က စာရေးသူတို့ကို လက်ပြနှုတ်ဆက်နေသလိုပင်။ နိုင်ငံတော်အကြီးအကဲနှင့် ဇနီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုလန်းနှင့် ဇနီးတို့ ကြိုဆိုမည့်နေရာသို့ ရောက်ရှိကာနီးပါပြီ။ မကြာမီဆိုသလိုပဲ အထူးယာဉ်တန်းဟာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဟန္နိုင်းမြို့ရှိ အမျိုးသားလွှတ်တော် (National Assembly Building) ရှေ့ရင်ပြင်ကို ရောက်ရှိခဲ့ပါတယ်။

ကြိုဆိုပွဲအခမ်းအနားအတွက် ပြင်ဆင်ထားပုံက ခမ်းနားလှပါတယ်။ ရင်ပြင်ရဲ့ နေရာအချို့မှာလည်း နှစ်နိုင်ငံအလံတွေကို လွှင့်ထူထားပါသေးတယ်။ နှစ်နိုင်ငံအလံများကို LED Board ဖြင့် ပြသထားရှိမှုဟာလည်း နှစ်နိုင်ငံရဲ့ ချစ်ကြည်ရင်းနှီးမှုခိုင်မာနေခြင်းကို ပြသထားသလို ခံစားမိပါတယ်။ ရှေ့ရင်ပြင်ပေါ်မှာလည်း ကော်ဇောနီ လျှောက်လမ်းများနဲ့အတူ ဂုဏ်ပြုတပ်ဖွဲ့များကလည်း အသင့်စောင့်ဆိုင်းလို့နေပါတော့တယ်။ အထူးယာဉ်တန်းဟာ အမျိုးသားလွှတ်တော်ရှေ့ရင်ပြင်ကိုရောက်ရှိတာနဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ဇနီးတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာတိုလန်းနှင့်ဇနီးတို့က ရင်းရင်းနှီးနှီးနဲ့ ကြိုဆိုနှုတ်ဆက်ကြပါတယ်။ နှစ်နိုင်ငံအကြီးအကဲချင်းသာမက အကြီးအကဲနှစ်ဦးရဲ့ ဇနီးနှစ်ဦးပါ တွေ့ဆုံခွင့်ရခြင်းဟာ သံတမန်ဆက်ဆံရေးဆိုတဲ့အဆင့်ထက် ကျော်လွန်တဲ့ ရင်းနှီးကျွမ်းဝင်မှုတွေကို ပြသပုံဖော်ပေးထားသလိုလည်း စာရေးသူခံစားမိပါတယ်။

အဲ့ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတနှစ်ဦးဟာ အလေးပြုခံစင်မြင့်ထက်မှာ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူခဲ့ပါတယ်။ ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများနဲ့ ဂုဏ်ပြုအလေးပြုပြီးနောက်မှာတော့ နှစ်နိုင်ငံသမ္မတနှစ်ဦးဟာ ဂုဏ်ပြုတပ်ဖွဲ့များကို

**စာမျက်နှာ ၆ သို့**






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဟန္နိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့်အာဇာနည်များဗိမာန်၌ စက်တင်ဘာလ ၅ ရက်က လွမ်းသူ့ပန်းခွေချ၍အလေးပြုစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် စက်တင်ဘာလ ၅ ရက်က တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာချန်ထန်မန်းတို့ စက်တင်ဘာလ ၅ ရက်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

စာမျက်နှာ ၅ မှ

ကော်ဖောနီလျှောက်လမ်းများအတိုင်း လမ်းလျှောက်စစ်ဆေးခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ အခမ်းအနား ပြီးမြောက်ချိန်မှာတော့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုကို စတင်ပါတော့တယ်။

နှစ်နိုင်ငံသမ္မတနှစ်ဦးရဲ့ တွေ့ဆုံဆွေးနွေးမှုရဲ့ အဓိကအကြောင်းအရာများကို လေ့လာကြည့်ကြပါမယ်။ ဒါတွေကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဆိုင်ရာများ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ၊ စက်မှုကဏ္ဍနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများ၊ ပညာရေး၊ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍများ၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းနှင့်လေကြောင်းဆက်သွယ်မှုဆိုင်ရာများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးဆိုင်ရာများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ စတဲ့အချက်တွေကို အကျယ်တဝင့်နဲ့ ရင်းနှီးနွေးထွေးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့တာပဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံအကြီးအကဲအနေနဲ့ ဗီယက်နမ်နိုင်ငံခရီးစဉ်များကို ပြန်ကြည့်ရင် (၃) ကြိမ်တိုင်တိုင်ရောက်ခဲ့ဖူးပါတယ်။ သမ္မတတာဝန်ယူပြီးအချိန်ဆိုရင်တော့ ဒီခရီးစဉ်ဟာ ပထမဆုံးအကြိမ်ပဲဖြစ်ပါတယ်။ နှစ်နိုင်ငံသမ္မတနှစ်ဦးဆွေးနွေးနေချိန်မှာ စာရေးသူ မြင်မိတာလေးတွေရှိပါတယ်။ နှစ်နိုင်ငံသမ္မတနှစ်ဦးဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့မှာကျင်းပခဲ့တဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် အခမ်းအနားမှာ တွေ့ဆုံခဲ့ဖူးပြီး ဒီတစ်ကြိမ်ပြန်ဆုံတွေ့ရတဲ့ အပေါ် နှစ်ဖက်စလုံးက တခုတ်တရ ပြောဆိုကြပါတယ်။ သာမန်ဆက်ဆံရေးမဟုတ်ဘဲ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်လည်တွေ့ဆုံတဲ့အခါမျိုးမှာ မြင်ရတတ်တဲ့ မြင်ကွင်းမျိုးပါ။

ဒါ့အပြင် နိုင်ငံတော်အကြီးအကဲရဲ့ ဦးဆောင်မှုနဲ့အတူ နိုင်ငံတော်မှာကျင်းပနိုင်ခဲ့တဲ့ အထွေထွေရွေးကောက်ပွဲနဲ့အတူ အစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာမှု၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေးတိုးမြှင့်တည်ဆောက်နိုင်မှု၊ နှစ်နိုင်ငံရဲ့ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းပုံရိပ်များတူညီမှုနဲ့အတူ ရင်းနှီးကျွမ်းဝင်မှုပိုမိုရှိတယ်ဆိုတဲ့ အကြောင်းကို ဗီယမ်နမ်သမ္မတကြီးက အလေးအနက်ထားပြောခဲ့တာကိုတွေ့ရပါတယ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေနဲ့လည်း ဗီယက်နမ်နိုင်ငံပြည်သူများရဲ့ လွတ်လပ်ရေးနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းခဲ့မှု၊ နိုင်ငံတော်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် အထူးလေးစားကြောင်းကို တခုတ်တရပြန်လည်ပြောဆိုခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ စစ်ပွဲနဲ့ အရေးယူပိတ်ဆို့ကန့်သတ်မှုတွေကြားက ရုန်းထပြီး ယခုလိုအလျင်အမြန်ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း နိုင်ငံတော်အကြီးအကဲက အလေးအနက်ထားပြီး ချီးကျူးခဲ့ပါသေးတယ်။ ဒီလေးစားဂုဏ်ယူမှုဟာ လက်ရှိဗီယက်နမ်သမ္မတလက်ထက် တစ်ခုတည်းတင်မဟုတ်ဘဲ ခေတ်အဆက်ဆက်ခေါင်းဆောင်များရဲ့ စွမ်းရည်ကိုလေးစားဂုဏ်ယူကြောင်း ပြသခဲ့တာပဲဖြစ်ပါတယ်။

ဒါ့အပြင် မိမိတို့နိုင်ငံရဲ့ အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီနှင့်ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံရေးတွေ တိုးမြှင့်သွားဖို့၊ နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေးမှာလည်းပူးပေါင်းဆောင်ရွက်သွားဖို့ အလေးထားဆွေးနွေးကာ ရလဒ်တစ်ခုကို ဖော်ဆောင်နိုင်ခဲ့ပါသေးတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စက်တင်ဘာလ ၅ ရက်က ဟန္နိုင်းမြို့ရှိ ဟိုချီမင်းဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချရန် ဗီယက်နမ်ပြည်သူ့တပ်မတော်သားနှစ်ဦး ဦးဆောင်၍ လွမ်းသူ့ပန်းခွေကို သယ်ဆောင်လာစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဗီယက်နမ်နိုင်ငံ သမ္မတ၏ဇနီး မဒမ် ငိုဖုန်လီနှင့်အတူ စက်တင်ဘာလ ၅ ရက်က Van Phuc ပိုးထည်ရွာ (Silk village)တွင် ကြည့်ရှုလေ့လာစဉ်။

**“မြန်မာ–ထိုင်း–လာအို–ဗီယက်နမ် အရှေ့–အနောက် စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေး လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် သုံးနိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လိုကြောင်း၊ မြန်မာ–လာအို–ဗီယက်နမ်၊ မြန်မာ–ထိုင်း–လာအို–ဗီယက်နမ် စသည့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံနှင့် ချိတ်ဆက်နိုင်မည်ဆိုပါက ဒေသတွင်းကုန်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်မည်”**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ရဲ့ ဆွေးနွေးမှုများထဲက စီးပွားရေးစင်္ကြံလမ်းကြောင်းကိစ္စကို ထုတ်နုတ်တင်ပြတာပဲဖြစ်ပါတယ်။ ဒီအချက်ဟာ အာဆီယံဒေသတွင်းရဲ့ စီးပွားရေးလမ်းကြောင်းအပေါ် မြန်မာရဲ့အချက်အချာကျမှုနဲ့ များစွာသက်ဆိုင်နေပါတယ်။ မိမိတို့နိုင်ငံဟာ မြန်မာ–အိန္ဒိယ–ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်၊ ဒီလမ်းနဲ့ချိတ်ဆက်ပြီး ဗီယက်နမ်ဟာ လာအိုနဲ့ မြန်မာကတစ်ဆင့် အိန္ဒိယကို ထွက်ပေါက်တစ်ခုရနိုင်သလို တောင်အာရှနဲ့ အနောက်ဘက်ဈေးကွက်လမ်းကြောင်းရရှိနိုင်မှာပါ။ မြန်မာဟာ ဗီယက်နမ်အတွက် Land Bridge တစ်ခုဖြစ်သလို မြန်မာအတွက်လည်း လာအို–ဗီယက်နမ်ကတစ်ဆင့် အရှေ့အာရှဈေးကွက်ကို ချိတ်ဆက်သွားနိုင်မှာပဲဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့

➧ စာမျက်နှာ ၆ မှ

Land Bridge အပေါ် အခြေခံထားတဲ့ စီးပွားရေးစကြံကိုတွေ့ရမှာပါ။

တစ်ယောက်တည်းအားထက်ပူးပေါင်းမှုစွမ်းအားက ပိုပြီးကောင်းပါတယ်။ စီးပွားရေးစကြံလမ်းကြောင်းတွေကို နိုင်ငံတော်အကြီးအကဲက ပြည်ပခရီးစဉ်တိုင်းမှာ ဆွေးနွေးဖြစ်တာကို တွေ့မြင်ရမှာပါ။ တစ်နေရာတည်းကနေ လမ်းကြောင်းတစ်ခုတည်းနဲ့ ပုံသေတွက်ချက်သွားလာနေမယ်ဆိုရင် အမှတ်မထင်တဲ့ အခင်းအကျင်းပြောင်းလဲမှုတွေက ကြီးမားတဲ့ အဟန့်အတား အကျပ်အတည်းကိုဖြစ်ပေါ်စေပါတယ်။ ယနေ့ ကမ္ဘာ့ဖြစ်စဉ်များက သက်သေပါပဲ။ ဒါကြောင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုမှာ စုပေါင်းအားနဲ့ ကဏ္ဍသစ်၊ မျက်နှာစာသစ်နဲ့အခင်းအကျင်းအသစ်တွေကို ဖော်ဆောင်ထားနိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်တာကို နိုင်ငံတော်အကြီးအကဲက အာဆီယံကို ရည်ညွှန်းပြောဆိုနေခြင်းသာဖြစ်ကြောင်း စာရေးသူခံစားမိပါတယ်။

**“ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဘက်စုံခိုင်မာပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်တစ်ရပ်ကိုတက်လှမ်းနိုင်ရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံရေးအရယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှုမြှင့်တင်နိုင်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလာရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာတို့တွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်ခံရပ်တည်သွားနိုင်ရေး စသည့် နယ်ပယ်ပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း”**

ဒါကတော့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတက ပြန်လည်ပြောကြားချက်ပါပဲ။ ခရီးစဉ်ရဲ့ရလဒ်ဟာ ဒါပါပဲ။ မိမိတို့နိုင်ငံအကြီးအကဲရဲ့ ခြေလှမ်းများနောက်ကို တစ်ချက်လေ့လာကြည့်ကြပါမယ်။ သွားခဲ့တဲ့ခရီးစဉ်တွေနောက်ပိုင်းမှာ နိုင်ငံတော် ဒုတိယသမ္မတတွေ၊ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးအဆင့်တွေဟာ အကြီးအကဲဖော်ဆောင်ခဲ့တဲ့ ကဏ္ဍစုံအတွက် နိုင်ငံအသီးသီးကို သွားရောက်နေတာကို ယနေ့သတင်းစာမျက်နှာတွေမှာတွေ့ကြမှာပါ။ ဒါတွေဟာ နိုင်ငံတော်အတွက်၊ နိုင်ငံသူနိုင်ငံသားတွေအတွက်ပါပဲလို့ မီးမောင်းထိုးပြလိုပါတယ်ဗျာ။ နိုင်ငံတော်အကြီးအကဲကတော့ ခရီးဆက်ဦးမှာမို့ ဆက်လေ့လာကြည့်ရအောင်ပါ။

**ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာချန်ထန်မန်းနှင့်တွေ့ဆုံ**

နိုင်ငံတော်အကြီးအကဲဟာ ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတော်ရဲ့ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကဏ္ဍကိုလည်း အလေးအနက်ထားဆောင်ရွက်စမြဲဖြစ်ပါတယ်။ တွေ့ဆုံပွဲကိုတော့ ဗီယက်နမ်အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။

တွေ့ဆုံပွဲရဲ့ရလဒ်ကို ကြည့်မယ်ဆိုရင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ တပ်မတော်အချင်းချင်း၊ ပါတီအချင်းချင်းမှစ၍ ပြည်သူအချင်းချင်းဆက်ဆံရေးအထိ ပူးပေါင်းဆောင်ရွက်ဖို့ အဓိကထားဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။

ဒါ့အပြင် ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနှင့်နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပြီး မြန်မာအနေဖြင့် ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံအဖြစ်မှတ်ယူနိုင်သည်ဆိုတဲ့အဆင့်အထိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ချပြဆွေးနွေးခဲ့တာကိုလည်းတွေ့မြင်ရပါတယ်။

လွှတ်တော်နှစ်ရပ်ချင်း ပူးပေါင်းမှုမှသည် နှစ်နိုင်ငံဥပဒေပြုရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများထိ တိုးမြှင့်နိုင်မှုများအပေါ် အလေးအနက်ထား ဆွေးနွေးခဲ့တာကို တွေ့မြင်ကြားသိခဲ့ရပါတယ်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလေမင်ဟုန်နှင့်တွေ့ဆုံ**

ဒီတွေ့ဆုံမှုကိုတော့ ဒေသစံတော်ချိန်မွန်းလွဲပိုင်းမှာ ဟန္နိုင်းမြို့ အစိုးရအဖွဲ့ရုံး (Grand Hall) မှာ တွေ့ဆုံဆွေးနွေးမှာပဲဖြစ်ပါတယ်။ ဒီတွေ့ဆုံမှုမှာတော့ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်နိုင်မယ့် အခြေအနေများ၊ အစိုးရ လွှတ်တော် ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ဆောင်ရွက်မှုများ၊ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍ၊ ဆက်သွယ်ရေးနည်းပညာဆိုင်ရာကဏ္ဍတို့မှာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးတွင် ဘက်မျှပြီး ဟန်ချက်ညီတဲ့ ဆက်ဆံရေးကို တည်ဆောက်သွားမည့်အခြေအနေများ၊ ဗီယက်နမ်နိုင်ငံအပါအဝင် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်တွေကို ခင်မင်ရင်းနှီးစွာဆွေးနွေးခဲ့တာကို တွေ့မြင်ရပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ Van Phuc ပိုးထည်ရွာ (Silk Village)သို့ သွားရောက်လေ့လာ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီးဖြစ်သူ ဒေါ်ကြူကြူလှရဲ့ ဒုတိယမြောက်ပြည်ပခရီးစဉ်တစ်ခုပဲဖြစ်ပါတယ်။ ပထမခရီးစဉ်ဟာ လာအိုနိုင်ငံပဲဖြစ်ပါတယ်။ လာအိုနိုင်ငံခရီးစဉ်လိုက်ပါစဉ်ကလည်း လာအိုပိုးထည်တိုက်ကို သွားရောက်လေ့လာခဲ့ပါသေးတယ်။ ယခုခရီးစဉ်မှာလည်း ဗီယက်နမ်နိုင်ငံရဲ့ Van Phuc ပိုးထည်ရွာ (Silk Village)ကို သွားရောက်လေ့လာခဲ့ပြန်ပါတယ်။ ယနေ့အချိန်ထိတော့ ပိုးထည်တိုက်၊ ပိုးထည်ပစ္စည်းလုပ်ငန်းများနှင့်စပ်လျဉ်းပြီး မည်သို့အကောင်အထည်ဖော်မည်ကိုတော့ တွေးဆလို့မရနိုင်သေးပါဘူး။

ခရီးစဉ်တစ်ခုမှာ နှစ်နိုင်ငံခေါင်းဆောင်ချင်းသာမက ပါရမီဖြည့်ဖက်ဇနီးများပါ ခင်မင်ရင်းနှီးခွင့်ပေးခြင်းဟာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနွေးထွေးသလိုခံစားမိပါတယ်။ ယခုပုံရိပ်ဟာ အာဆီယံဒေသတွင်းကိုပြသခဲ့တဲ့ ဒုတိယမြောက်ပြကွက်တစ်ခုပမာမြင်တွေ့ရပါတယ်။ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရဲ့ Van Phuc ပိုးထည်ရွာ (Silk Village) အကြောင်းကို လေ့လာကြည့်ရအောင်ပါ။

Van Phuc ပိုးထည်ရွာ (Silk Village) ဟာ ဗီယက်နမ်နိုင်ငံရဲ့ အထင်ရှားဆုံးရိုးရာပိုးထည်ရက်လုပ်တဲ့ ကျေးရွာတွေထဲကတစ်ခုပဲဖြစ်ပါတယ်။ နှစ်ပေါင်း ၁၀၀၀ ရှိတဲ့ ရိုးရာအမွေအနှစ်တစ်ခုအဖြစ် လေ့လာတွေ့ရှိခဲ့ရပါတယ်။ ပိုးမွေးမြူခြင်း၊ ပိုးချည်မျှင်ထုတ်လုပ်ခြင်း၊ ချည်မျှင်ပြင်ဆင်ခြင်း၊ ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်ခြင်း၊ အရောင်ဆိုးခြင်း၊ နှင့်နောက်ဆုံးပိုးထည်များပြုလုပ်ခြင်းတွေကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါတယ်။ ထူးခြားမှုတစ်ခုကတော့ ရိုးရာလက်မှုပညာရှင်များရဲ့ မျိုးဆက်အလိုက်ရက်ကန်းပညာလက်ဆင့်ကမ်းထိန်းသိမ်းလာမှု၊ ခရီးသွားလုပ်ငန်းနှင့်ချိတ်ဆက်ဖွံ့ဖြိုးလာမှုတွေဟာ ဂုဏ်ယူစရာပဲဖြစ်ပါတယ်။

ဒီနေရာမှာ စာရေးသူက တစ်ခုမျှဝေလိုပါတယ်။ ဥပမာ ပိုးထည်ဆိုပါစို့။ ရက်လုပ်ပြီးထွက်ပေါ်လာတဲ့ လှပတဲ့ပိုးထည်တစ်ခုဟာ ဒြပ်ရှိယဉ်ကျေးမှုတစ်ခုပါ၊ ရက်လုပ်တဲ့ပညာရပ်ဟာ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုပါ။ နားလည်စေချင်တာက ယဉ်ကျေးမှုတစ်ခုမှာ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုနှစ်ရပ်ရှိတယ်ဆိုတာပါပဲ။ ထပ်ပြီး အဓိကကျတာကတော့ ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်တဲ့ ပညာရပ်နဲ့ ပညာရပ်ကို တတ်ကျွမ်းတဲ့ လူသားအရင်းအမြစ်ပါ။ ဒီလူသားအရင်းအမြစ်တွေ ဆုံးရှုံးရင် ပညာရပ်တွေ တိမ်ကောပြီး ဒြပ်ရှိယဉ်ကျေးမှုတွေပါ အလိုလိုပျောက်ဆုံးသွားတတ်တာ သဘာဝပါ။ မိမိတို့နိုင်ငံမှာလည်း ဒြပ်ရှိဒြပ်မဲ့နဲ့ သက်ဆိုင်တဲ့ ရိုးရာယဉ်ကျေးမှုတွေ တိုင်းရင်းသားများအလိုက်ရှိကြပါတယ်၊ မိမိတို့တိုင်းရင်းသားများအလိုက် ဒြပ်ရှိဒြပ်မဲ့ရိုးရာယဉ်ကျေးမှုတွေ ဘယ်လိုအဆင့်ရောက်နေပြီလဲ၊ တိမ်ကောသွားနိုင်ခြေတွေ ရှိနေပြီလားဆိုတာတွေကို စာရေးသူက အလျဉ်းသင့်လို့ ဆောင်းပါးလေးကတစ်ဆင့် မေးလိုက်ပါဦးမယ်။

နိုင်ငံတော်အကြီးအကဲတို့ရဲ့ ဇနီးနှစ်ဦးဟာ ရင်းနှီးနွေးထွေးသော ဆက်ဆံမှုများနဲ့အတူ လေ့လာရေးခရီးစဉ်လေးကို ပုံဖော်ညွှန်းဆိုပြသနိုင်ခဲ့တယ်လို့ပဲ ဆိုလိုက်ပါရစေခင်ဗျာ။

**ဟန္နိုင်းမြို့ပုံရိပ်အချို့၊ ဗီယက်နမ်တို့၏စိတ်ဓာတ်နှင့် ထုတ်ကုန်များအကြောင်းတစေ့တစောင်း**

အချိန်အနည်းငယ်ရခိုက် စာရေးသူ ဟန္နိုင်းမြို့ကို လေ့လာကြည့်ဖြစ်ခဲ့ပါသေးတယ်။ တကယ်တော့ ဟန္နိုင်းမြို့ဆိုပေမယ့် ရန်ကုန်မြို့ကို ရောက်နေသလိုခံစားမိပါတယ်။ ရန်ကုန်မြို့နဲ့ကွာခြားတာကတော့ ရန်ကုန်မြို့လို အထပ်မြင့်တွေ သိပ်မများတာပါပဲ။ ဟန္နိုင်းမှာလည်း ရန်ကုန်မြို့လို ကန်တော်ကြီးပုံစံမျိုးတစ်ခုရှိပါတယ်။ လှပသပ်ရပ်တဲ့ Green Zone တစ်ခုပါ။ ဟန္နိုင်းမြို့က အရွယ်မျိုးစုံဟာ ဒီကန်ကြီးနားမှာ လမ်းလျှောက်ခြင်း၊ စကားစမြည်ပြောခြင်းတွေနဲ့ စိတ်အပန်းဖြေကြတာကိုလည်း စာရေးသူတွေ့မြင်ခဲ့ရပါတယ်။

တစ်နေ့တာအလုပ်လုပ်လို့ ပင်ပန်းနွမ်းနယ်မှုတွေကို ဒီကန်ကြီးရဲ့ပတ်လမ်းတွေမှာ စည်းကမ်းရှိစွာ အပန်းဖြေနေကြတဲ့သဘောပါပဲ။ လူစည်ကားတဲ့နေရာတွေမှာ လူငယ်တွေစုပြီး သွားလာလှုပ်ရှားတဲ့ပုံရိပ်ကလည်း စည်းကမ်းတကျရှိခြင်းဆိုတဲ့ လူနေမှုပုံစံကိုပြသလျက်ရှိပါတယ်။ ယနေ့စာရေးသူတို့နိုင်ငံက လူငယ်တွေအတွက် အတုယူစရာတစ်မျိုးဖြစ်ပါတယ်။

ဗီယက်နမ်လူမျိုးတွေဟာ မိမိနိုင်ငံနဲ့ မိမိလူမျိုးကို ချစ်မြတ်နိုးစိတ်အပြည့်အဝရှိကြပါတယ်။ တိုင်းတစ်ပါးကို အထင်ကြီးလေးစားမှုအလျှင်းမရှိဘဲ မိမိခွန်၊ မိမိအား၊ မိမိလူမျိုးအားနဲ့သာ မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုတဲ့ စိတ်အပြည့်အဝရှိတာကိုလည်း စာရေးသူလေ့လာတွေ့ရှိရပါတယ်။ ယနေ့ ဗီယက်နမ်နိုင်ငံဟာ ကဏ္ဍစုံမှာ အရှိန်အဟုန်နဲ့ အလျင်အမြန်တိုးတက်ပြောင်းလဲလာတာဟာ ဗီယက်နမ်လူမျိုးတို့ရဲ့ စည်းလုံးတဲ့အား၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေ စုစည်းပြီး ရှန်းထကြိုးစားခဲ့လို့ ပိုင်ဆိုင်ခဲ့တဲ့ ရလဒ်ကောင်းများပဲဖြစ်ပါတယ်။ မိမိတို့နိုင်ငံသားတွေအနေနဲ့လည်း ဒီလိုစံနမူနာကောင်းတွေကို အတုယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် စည်းလုံးညီညွတ်တဲ့ အားနဲ့ ကြိုးစားအားထုတ်ချိန်တန်ပါပြီ။ နောက်တစ်ခု မျှဝေပေးလိုပါသေးတယ်။ ဒါကတော့ ဗီယက်နမ်နိုင်ငံရဲ့ အထည်အလိပ်တွေအကြောင်းပါပဲ။

ဗီယက်နမ်နိုင်ငံရဲ့ အထည်အလိပ်တွေဟာ ဈေးနှုန်းချိုသာပြီး အရည်အသွေးလည်းကောင်းမွန်တာကို စာရေးသူလေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါကလည်း သူတို့နိုင်ငံ ရဲ့ MSME လုပ်ငန်းတွေရဲ့ တိုးတက်မှုအရှိန်အဟုန်တစ်ခုပဲဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အဝတ်အထည် ထုတ်လုပ်တင်ပို့မှုအများဆုံးနိုင်ငံတစ်ခုအဖြစ် စာရင်းဝင်တဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဈေးနှုန်းနဲ့ကောင်းမွန်တဲ့ အရည်အသွေးကြောင့် ကမ္ဘာမှာ နာမည်ကြီးအမှတ်တံဆိပ်များနဲ့ နာမည်ကြီးနေတာကိုလည်း တွေ့ခဲ့ရပါတယ်။ အဓိကသော့ချက်ကို လေ့လာကြည့်ရာမှာတော့ ကျွမ်းကျင်လုပ်သားအရင်းအမြစ်ကောင်းတွေရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်နှင့် အထည်ချုပ်ကျွမ်းကျင်မှုမြင့်မားကြတယ်။ အခြေခံကုန်ကျမှုစရိတ်သက်သာတဲ့အတွက် စက်ရုံတွေလည်ပတ်မှုနဲ့ ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ထိန်းသိမ်းထားနိုင်တယ်။

ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေအတွက်လည်း ကုန်သွယ်ရေးနှင့်ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်ကောင်းတွေကို စွမ်းဆောင်နိုင်ကြတာကိုလည်း တွေ့ရတယ်။ ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံအချို့ကတစ်ဆင့် လိုအပ်တဲ့ကုန်ကြမ်းတွေကို တင်သွင်းနိုင်နေတာကိုလည်း တွေ့ရပြန်ပါတယ်။ အတိုချုံးကြည့်ရင်တော့ အထည်အလိပ်တွေအတွက် ကုန်ကြမ်းရရှိမှုကောင်းခြင်း၊ ကျွမ်းကျင်လုပ်သားအရင်းအမြစ်ကောင်းများပိုင်ဆိုင်ခြင်း၊ ပြည်တွင်းကတစ်ဆင့် ပြည်ပဈေးကွက်ထိကွန်ရက်ရှာဖွေနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ချိုသာခြင်းဆိုတဲ့ အဓိကအချက်တွေကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ စာဖတ်သူတို့အတွက် ပြန်လည်မျှဝေပေးတာပဲဖြစ်ပါတယ်၊ ခရီးစဉ်အကြောင်း လေးခဏဆက်လိုက်ရအောင်ပါ။

ခရီးစဉ် ဒုတိယရက်ရဲ့ညမှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာတိုလန်းနှင့်ဇနီးတို့က ဂုဏ်ပြုညစာနဲ့တည်ခင်းဧည့်ခံခဲ့ပါတယ်။ ဒီဂုဏ်ပြုညစာစားပွဲကိုတော့ ဗီယက်နမ်နိုင်ငံသမ္မတရုံး၊ တုံကင်နန်းတော်မှာ ကျင်းပခဲ့တာပဲဖြစ်ပါတယ်၊ တုံကင်နန်းတော်ဆိုတာ သမိုင်းဝင်အထိမ်းအမှတ်နေရာတစ်ခုလည်းဖြစ်ပါတယ်။ ပြင်သစ်ကိုလိုနီကာလအတွင်းက မြို့တော်ဝန်နေအိမ်အဖြစ်အသုံးပြုခဲ့တဲ့ သမိုင်းဝင်အထင်ကရဗိသုကာလက်ရာတစ်ခုပဲဖြစ်ပါတယ်။ နန်းတော်အတွင်း ရောက်ရှိခဲ့တဲ့အချိန်မှာတော့ ဗီယက်နမ်တို့ရဲ့ မြေယာရှုခင်း (landscape) ပိုင်းမှာ ကျွမ်းကျင်ပိုင်နိုင်မှုနဲ့ စနစ်တကျနဲ့ သာယာလှပမှုရှိအောင် ဖန်တီးထားနိုင်မှုကိုလည်း လေးစားအသိအမှတ်ပြုခဲ့ရပါတယ်။

ဒီနေ့မှာ ပြုလုပ်ခဲ့တဲ့ တွေ့ဆုံပွဲအခမ်းအနားတွေမှာ ခရီးစဉ်ရဲ့အောင်မြင်မှုရလဒ်ကောင်းများကို ကိုယ်စီအပြုံးတွေကတစ်ဆင့် မှန်တစ်ချပ်ပမာတွေ့မြင်ခဲ့ရပြီပဲဖြစ်ပါတယ်။

ဤရလဒ်များနှင့်အတူ ပိုင်ဆိုင်ခဲ့တဲ့ နေ့ရက်တစ်ရက်ဟာလည်း တွဲလက်ညီညီ အောင်ပွဲဆီသို့ တက်လှမ်းနိုင်ခဲ့တဲ့ မြန်မာ-ဗီယက်နမ်ခရီးစဉ်အဖြစ် ကမ္ပည်းတင်ရေးထိုးနိုင်ခဲ့ကြောင်း စာပန်းချီခြယ်မှုန်းရကြောင်းပါဗျာ။ ။

# မန္တလေးတိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆုချီးမြှင့်ပွဲတွင် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ၊ ဒိုင်အဖြစ် ဆောင်ရွက်ပေးသော ပညာရှင်အဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)သို့ သွားရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့နှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

နံနက်ပိုင်းကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မန္တလေးမြို့ပေါ်ကျောင်းတိုက်များတွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၆၂၁ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲလှူဒါန်းပွဲကို အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းပွဲတွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ်တို့တွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ ၄၃၇၄၇ ပါး၊ သီလရှင်ဆရာကြီး၊ ဆရာလေး ၅၈၇၄ ပါး စုစုပေါင်း ၄၉၆၂၁ ပါးတို့ကို ဆွမ်းဆန်တော် ၄၁၃၅ အိတ်၊ ဆီ ၁၂၄၀၆ ပိဿာ၊ ကြက်သွန်နီ ၁၂၄၀၆ ပိဿာ၊ ကုလားပဲ ၁၂၄၀၆ ပိဿာ၊ ဆားပိဿာ ၅၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။ **မြဝတီ**

# လူငယ်ရေးရာအသိပညာပေးဟောပြော

**ပွင့်ဖြူ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်တင်ဘာလ ၆ ရက်တွင် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်တွင် လူကောင်း၊ လူတော်များဖြစ်လာစေရန်အတွက် လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတတိုးပွားစေရန် သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသပေးရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာဖတ်ရှုကြကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြော

**ကျွန်းစု စက်တင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာလ ၅ ရက်မွန်းလွဲပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲမင်းဦးက မိုးရာသီတွင် အဖြစ်များသောရောဂါများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ သန့်လေးသန့်(အစာသန့်၊ လက်သန့်၊ အိမ်သာသန့်၊ ရေသန့်) စသည့်အမူအကျင့်ကောင်းများကို လိုက်နာကျင့်သုံးကြရန်နှင့် မိမိနေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ကြရန်တို့ကို ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



# ကျောက်ဆည်မြို့နယ်၌ မိုးစပါးဧက ၃၆၀၀၀ ကျော်စိုက်ပျိုးပြီး

**ကျောက်ဆည် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မိုးစပါး ဧက ၃၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးစပါးများစိုက်ပျိုးရာ၌ စမာစိုက်ပျိုးရေး နည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၆၇၄ ဧက၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၇၂၉၅ ဧက၊ မင်းရဲစိုက်ပျိုးရေးနည်းပညာပေး စခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၄၃၇၃ ဧက၊ သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ဧက ၈၇၃၀၊ ထုံးကြီးစိုက်ပျိုးရေးနည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၇၅၉၉ ဧက၊ သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၅၉၂၇ ဧက စုစုပေါင်း ၃၆၅၉၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် မိုးစပါးများ လျာထားချက်ပြည့်မီကျော်လွန်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများပူးပေါင်း၍ ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ ဒေသနှင့်ကိုက်ညီသည့် မနောသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ ဆင်းသုခ၊ ရောမင်း၊ GW-11၊ ပေါ်ဆန်းဘေးကြား၊ နယူးရော စသည့်စပါးမျိုးများအဓိကထားစိုက်ပျိုးကြသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)၊(၄၀၂)**

## တိုးပွားရှင်သန် မြန်မာ ဗီယက်နမ်

❒ မြန်မာ ဗီယက်နမ် ချစ်ကြည်ရေး
ရည်မြော်တွေး ခရီးစဉ်။
လှိုက်လှဲစွာ ကြိုဆိုမှု
ဂုဏ်ပြုလို့ပင်။
ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်
ဖြူစင်ကြည် စိတ်ရင်းများ။
နှစ်နိုင်ငံ သာယာဖြိုးဖို့
ကြိုးစားလို့ထား။

❒ ဗီယက်နမ် ဖိတ်ခေါ်မှု
သိမှတ်ပြု တို့မြန်မာ။
ညီရင်းအစ်ကို စိတ်ထားနဲ့
ထူးခြားလှတာ။
ယဉ်ကျေးမှုဓလေ့ တူညီစွာ
ပူးပေါင်းကာ နှစ်နိုင်ငံအကျိုး။
မြန်မာ ဗီယက်နမ်
နှစ်နိုင်ငံ သမ္မတတို့
ချစ်စပိုတိုး။

❒ နည်းပညာ ရှေ့သို့လှမ်း
ကြိုးပမ်းလို့ အဖုံဖုံ။
မြန်မာနိုင်ငံ တိုးတက်ရေး
တွေး ကဏ္ဍစုံ။
ရင်းနှီးမြှုပ်နှံမှု အရှိန်ဟုန်
ပြည့်စုံစွာ လာရောက်ဖို့။
ဖိတ်ခေါ်ကာ ကြိုလက်ကမ်း
ရည်မျှော်မှန်းလို့။

❒ နှစ်နိုင်ငံ တူလက်တွဲ
ခိုင်မြဲလို့ ချစ်ကြည်စေ။
ပြည်သူ အချင်းချင်း
စိတ်ရင်းဖြာဝေ။
ထာဝရ ခိုင်မြဲနေ
ကမ္ဘာမြေ တည်သမျှ။
မြန်မာ ဗီယက်နမ် ချစ်ကြည်ရေး
အလေးထားကာ ပူးပေါင်းမှု
ပြု ထာဝရ။

❒ နှစ်နိုင်ငံ ဒေသတွင်း
ရင်းနှီးမှု အခြေခံ။
နိုင်ငံတကာ ရှုမြင်ကွင်း
အောင်မြင်ခြင်းအမှန်။
ဗီယက်နမ်နှင့် မြန်မာနိုင်ငံ
အပြန်အလှန် နားလည်ရေး။
ရင်းနှီးချစ်ကြည် ရွက်ဆောင်မှုကို
ဂုဏ်ပြုတယ်လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ ဂုဏ်ပြုဆောင်းပါး

# ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့ (Clean Air for Climate Action)

ဒေါက်တာတင်အောင်ဝင်း

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့သည် သတ္တမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (The 7th International Day of Clean Air for Blue Skies)ဖြစ်သည်။ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်မှာ **"Clean Air for Climate Action – ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့"**ဖြစ်သည်။ အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ သန့်ရှင်းသောလေထုရရှိရေးနှင့်ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို ပေါင်းစပ်ဆောင်ရွက်ပြီး ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများရရှိအောင် ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။




### လေထုညစ်ညမ်းမှု

လေထုညစ်ညမ်းမှုသည် မီးဖိုချောင်အတွင်းချက်ပြုတ်ခြင်းနှင့် နွေးထွေးမှုရရှိရန် မီးစတင်အသုံးပြုခဲ့သည့်လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက လူသားတို့နှင့်အတူ ဒွန်တွဲပါလာခဲ့ခြင်းဖြစ်သည်။ စက်မှုတော်လှန်ရေး ကာလအတွင်း ကျောက်မီးသွေးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းကြောင့် မြို့ပြလေထုညစ်ညမ်းမှုဆိုးရွားစွာဖြစ်ပေါ်ခဲ့ပြီး ၂၀ ရာစုနောက်ပိုင်းတွင် စက်မှုထွန်းကားလာမှုနှင့်အတူ ပိုမိုတိုးပွားလာခဲ့သည်။ လေထုညစ်ညမ်းမှုသည် ထွက်ရှိရာအရင်းအမြစ်များအနီးရှိဒေသများကို သိသာစွာသက်ရောက်မှုရှိသည့်အပြင် ဝေးကွာသောနေရာဒေသများသို့လည်း ပျံ့နှံ့ရောက်ရှိသွားနိုင်သည်၊ လေတိုက်ခတ်မှုကဲ့သို့သော လေထုအခြေအနေများသည် လေထုညစ်ညမ်းမှုပျံ့နှံ့ခြင်းကို သက်ရောက်မှုရှိပြီး အပြောင်းအလဲများစွာရှိနိုင်သည်။ လေပြင်းများတိုက်ခတ်ခြင်းသည် လေထုညစ်ညမ်းမှုကို အဝေးသို့ရောက်ရှိစေနိုင်ပြီး လေငြိမ်နေသည့်အခြေအနေများသည် လေထုညစ်ညမ်းမှုများကို စုပုံလာစေနိုင်သည်။

မီးခိုးမြူညစ်ညမ်းမှု(Smog)၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သော မြေပြင်အနီးရှိ အိုဇုန်းဓာတ်ငွေ့ (Tropospheric Ozone)သည် လူသားတို့၏ကျန်းမာရေးကိုထိခိုက်စေပြီး သီးနှံများနှင့် ဂေဟစနစ်များကိုလည်း ပျက်စီးစေသည်။ အခြားဖန်လုံအိမ်ဓာတ်ငွေ့များနှင့် လေထုညစ်ညမ်းစေသော ဒြပ်ပစ္စည်းအများစုနှင့်မတူဘဲ အိုဇုန်းသည် လေထုထဲသို့ တိုက်ရိုက်စွန့်ထုတ်ခြင်းမျိုး မဟုတ်ပါ။ ထိုသို့မဟုတ်ဘဲ ၎င်းသည် နေရောင်ခြည်ရှိချိန်တွင် လေထုထဲ၌ ရှိနှင့်ပြီးသားရှေ့ပြေးညစ်ညမ်းဒြပ်ပစ္စည်းများအကြား ဓာတုဓာတ်ပြုမှုများမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၎င်း၏ ရှေ့ပြေးဒြပ်ပစ္စည်းများဖြစ်သည့် နိုက်ထရိုဂျင်အောက်ဆိုက်များ၊ မီသိန်း၊ ကာဗွန်မိုနောက်ဆိုက်နှင့် အငွေ့ပြန်လွယ်သော အော်ဂဲနစ်ဒြပ်ပေါင်းများသည် သဘာဝအလျောက် ထွက်ရှိမှုမှလည်းကောင်း လူသားတို့၏ လုပ်ဆောင်မှုများမှလည်းကောင်း အသီးသီးဖြစ်ပေါ်လာကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့်အလင်းရောင်ပေးခြင်းတို့အတွက် သစ်သားနှင့်ကျောက်မီးသွေးကဲ့သို့သော လောင်စာများကို မှီခိုအားထားရခြင်း၊ ထို့ပြင် အလင်းရောင်အတွက် ရေနံဆီကိုအသုံးပြုခြင်းတို့သည် အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ကန္တာရများနှင့်နီးစပ်သော အာဖရိကနှင့်အာရှအနောက်ပိုင်းဒေသအချို့တွင် လေတိုက်ခတ်မှုကြောင့် လွင့်ပါလာသော ဖုန်မှုန့်များသည်လည်း လေထုညစ်ညမ်းမှု၏ အဓိကရင်းမြစ်တစ်ခုဖြစ်သည်။

ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းသည် ကမ္ဘာတစ်ဝန်းတွင် တောမီးလောင်ကျွမ်းမှုကို ပိုမိုများပြားလာစေပြီး အမှုန်အမွှားများမှတစ်ဆင့် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်လာစေသည်။


လေထုညစ်ညမ်းမှုတွင် နယ်နိမိတ်မရှိပါ။ လေထုညစ်ညမ်းစေသောအရာများသည် မူလစတင်ဖြစ်ပွားသည့်နေရာတွင်သာမကဘဲ နယ်စပ်ဖြတ်ကျော်ပျံ့နှံ့သွားနိုင်ပြီး အိမ်နီးချင်းနိုင်ငံများ၏ လေထုအရည်အသွေးနှင့် ဂေဟစနစ်များကိုပါ ထိခိုက်စေနိုင်သည်။

လေထုညစ်ညမ်းမှုသည် လူသားတို့၏ ကျန်းမာရေးကိုသာ ခြိမ်းခြောက်နေရုံသာမက ရာသီဥတုပြောင်းလဲမှုကို ပိုမိုဖြစ်ပေါ်စေခြင်း၊ စားရေရိက္ခာဖူလုံမှုကို ထိခိုက်စေခြင်းနှင့် မြို့ပြနေပြည်သူများ၏ ဘေးကင်းလုံခြုံမှုအား ထိခိုက်စေခြင်းတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

### လေထုညစ်ညမ်းမှုအန္တရာယ်

လေထုညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝန်းတွင် လူသားတို့၏ကျန်းမာရေးအပေါ် အကြီးမားဆုံး ခြိမ်းခြောက်လာသော ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်လာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်သူများနှင့် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကဲ့သို့ ထိခိုက်လွယ်သူများကို ပိုမိုဆိုးရွားစွာသက်ရောက်မှုရှိစေသည်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ လေထုညစ်ညမ်းမှုသည် နှစ်စဉ်လူပေါင်းရှစ်သန်းကျော် အရွယ်မတိုင်မီ သေဆုံးနေရခြင်း၏အဓိကအကြောင်းရင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ပြင်ပလေထုထဲရှိအမှုန်အမွှားများကြောင့် လူဦးရေ ၄ ဒသမ ၇ သန်းခန့် သေဆုံးခဲ့ရပြီး အနောက်အာရှနှင့် အာဖရိကဒေသတို့တွင် သေဆုံးမှုနှုန်းအမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ လူဦးရေ ၂ ဒသမ ၄ ဘီလီယံခန့်သည် ချက်ပြုတ်ရန်နှင့် အပူပေးရန်အတွက် လေထုညစ်ညမ်းစေသောလောင်စာများကို အသုံးပြုနေကြပြီး အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် အချိန်မတိုင်မီသေဆုံးသူ ၃ ဒသမ ၂ သန်းခန့်ရှိကြောင်းတို့ကို လေ့လာသိရှိရသည်။




ဝန်းကျင်လေထုအတွင်း $PM_{2.5}$ ပါဝင်မှုမြင့်မားသော လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားရသည့် အသေအပျောက်အများဆုံးရောဂါများမှာ လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ကင်ဆာရောဂါတို့ဖြစ်ကြသည်။ ထို့ပြင် အလွန်သေးငယ်သော အမှုန်အမွှားများ မြင့်မားစွာပါဝင်မှုသည် ဆီးချိုရောဂါကဲ့သို့သော အခြားရောဂါများကိုလည်း ဖြစ်ပွားစေနိုင်ပြီး ကလေးသူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေကာ စိတ်ကျန်းမာရေးပြဿနာများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

မြေပြင်အနီးရှိ အိုဇုန်းဓာတ်ငွေ့ကို ရှူရှိုက်မိခြင်းသည် အဆုတ်ကိုရောင်ရမ်းစေပြီး ကျန်းမာရေးပြဿနာအမျိုးမျိုးကိုလည်းဖြစ်စေနိုင်သည်။ အိုဇုန်းကြောင့် ညစ်ညမ်းနေသောလေထုကို ရေရှည်ထိတွေ့ရှူရှိုက်မိခြင်းကြောင့် နှစ်စဉ်လူပေါင်း ငါးသိန်းနီးပါးခန့်မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြင့် အချိန်မတိုင်မီ သေဆုံးနေရသည်ဟု ခန့်မှန်းထားသည်။ အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အဆုတ်သို့မဟုတ် နှလုံးရောဂါအခံရှိသူများသည် အိုဇုန်း၏ဘေးထွက်ဆိုးကျိုးများကို ပိုမိုခံစားရလွယ်သောကြောင့် ကျန်းမာရေးအပေါ် ထိခိုက်နိုင်ခြေပိုမိုမြင့်မားသည်။

အလွန်သေးငယ်သော အမှုန်အမွှားများပါဝင်သည့် ညစ်ညမ်းနေသောပြင်ပလေထုကို ထိတွေ့ရှူရှိုက်ရခြင်းသည် ကမ္ဘာပေါ်တွင် သွေးတိုးရောဂါပြီးလျှင် အရွယ်မတိုင်မီသေဆုံးစေသည့် ဒုတိယမြောက် အကြီးမားဆုံးအန္တရာယ်တစ်ခုဖြစ်သည်။ ဝင်ငွေနည်းပါးသော သို့မဟုတ် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံများတွင် နေထိုင်သူများသည် ဝင်ငွေမြင့်မားသောနိုင်ငံများတွင် နေထိုင်သူများထက် လေထုညစ်ညမ်းမှုကို ၁ ဆမှ ၄ ဆအထိ ပိုမိုထိတွေ့နေရသည်။ ကလေးသူငယ်များသည် သဘာဝအလျောက် ထိခိုက်လွယ်သည့်ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် ထိတွေ့မှုအခြေအနေတို့ကြောင့် လေထုညစ်ညမ်းမှု၏ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို ပိုမိုခံစားရလွယ်သည်။ ကမ္ဘာတစ်ဝန်း မွေးကင်းစကလေးသေဆုံးမှု၏ ၂၆ ရာခိုင်နှုန်းမှာ လေထုညစ်ညမ်းမှုနှင့် ထိတွေ့ရခြင်းကြောင့်ဖြစ်သည်။

### လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့၏ဆက်စပ်မှု

လေထုညစ်ညမ်းစေသော အဓိကဓာတ်ငွေ့အားလုံးသည် ရာသီဥတုအပေါ် သက်ရောက်မှုရှိပြီး အများစုမှာ ဖန်လုံအိမ်ဓာတ်ငွေ့များနှင့် အရင်းအမြစ်တူညီကြသောကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ဆက်စပ်နေကြသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်နေစေရေးဆောင်ရွက်ခြင်းသည် ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် လေထုညစ်ညမ်းမှုကို ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်မှုတို့ကို ဖန်တီးပေးနိုင်မည့်အပြင် ကျွန်ုပ်တို့လူသားတိုင်းအတွက် မရှိမဖြစ်လိုအပ်သော ကောင်းမွန်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသည့်လေထုရရှိနိုင်ရေးကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

လေထုညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ထုပ်ဝန်ပိုးတစ်ခုသာမကဘဲ ပြည်သူ့ကျန်းမာရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ လေထုညစ်ညမ်းစေသည့် အရင်းအမြစ်အများစုသည် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများနှင့် တိုက်ရိုက်ထပ်တူကျနေသောကြောင့် လေထုညစ်ညမ်းမှုကို လျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ပါးသက်သာစေခြင်းတို့မှ ပူးတွဲအကျိုးကျေးဇူးများ (Co-benefits) ကို

စာမျက်နှာ ၁၀ သို့ ➤

**➤ စာမျက်နှာ ၉ မှအဆက်**

ရရှိလာနိုင်မည်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်းနှင့်မီသိန်း၊ အမည်းရောင်ကာဗွန်(Black Carbon) ကဲ့သို့သော ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော ညစ်ညမ်းစေသည့် သက်တမ်းတိုဒြပ်ပစ္စည်းများ(short-lived climate pollutants)သည် ကျန်းမာရေးနှင့် ရာသီဥတုဆိုင်ရာအကျပ်အတည်းများ နှစ်ခုစလုံးကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများဖြစ်ကြသည်။ လေထုညစ်ညမ်းမှုနှင့်ရာသီဥတုပြောင်းလဲမှုတို့သည် တစ်ခုနှင့်တစ်ခုပေါင်းစပ်ပြီး ပိုမိုဆိုးရွားစေသည့်ဘေးအန္တရာယ်များအဖြစ်လည်း ပိုမိုနားလည်သဘောပေါက်လာကြသည်။ အပူချိန်ပိုမိုမြင့်မားလာခြင်းသည် မြေပြင်အနီး အိုဇုန်းလွှာဖြစ်ပေါ်စေသည့် လေထုဆိုင်ရာဓာတုဗေဒဓာတ်ပြုမှုများကို ပိုမိုမြန်ဆန်စေပြီး ရာသီဥတုပြောင်းလဲမှုကြောင့် မကြာခဏဖြစ်ပွားလာသည့် အပူလှိုင်းဖြတ်ခြင်းနှင့် လေထုငြိမ်သက်ပိတ်မိခြင်း ဖြစ်စဉ်များသည် ညစ်ညမ်းပစ္စည်းများကို မြေပြင်အနီးတွင် ပိတ်လှောင်ထားကာ ဝန်းကျင်လေထုအရည်အသွေးကို ပိုမိုဆိုးရွားစေသည်။ ထို့ကြောင့် အဆိုပါစိန်ခေါ်မှုများကို သီးခြားပြဿနာများအဖြစ်မမှတ်ယူဘဲ အတူတကွပေါင်းစပ်ဖြေရှင်းဆောင်ရွက်ခြင်းသည် လူသားတို့၏ ကျန်းမာရေး၊ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာပူးတွဲအကျိုးကျေးဇူးများကို အပြည့်အဝဖော်ဆောင်နိုင်ရန်အတွက် အဓိကသော့ချက်ဖြစ်သည်။

**လေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ**

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း လေထုညစ်ညမ်းမှု၏ အန္တရာယ်ရှိသော နောက်ဆက်တွဲဆိုးကျိုးများကိုကြိုတင်ကာကွယ်နိုင်ရန်နှင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းဆောင်ရွက်လာကြသည်။ ကမ္ဘာ့နိုင်ငံများသည် လေထုညစ်ညမ်းမှုအခြေအနေကို စောင့်ကြည့်လေ့လာခြင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အလေ့အကျင့်ကောင်းများ၊ အတွေ့အကြုံကောင်းများကို မျှဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လာကြသည်။

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအနက် လေထုညစ်ညမ်းမှုပြဿနာသည် ဦးစားပေးအနေဖြင့် ကမ္ဘာပေါ်တွင် အစဉ်တစိုက်ရေရှည်ဖြေရှင်းဆောင်ရွက်သွားရမည့် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်လာနေပြီဖြစ်ကြောင်းကို လေ့လာတွေ့ရှိလာရသောကြောင့် ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်ညီလာခံက လေထုညစ်ညမ်းမှုပြဿနာကို အလျင်အမြန်အရေးယူဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

○ **လေထုညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတစ်ခုသာမကဘဲ ပြည်သူ့ကျန်းမာရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ်မှုတစ်ခုလည်းဖြစ် . . .**

○ **လေထုညစ်ညမ်းစေသည့် အရင်းအမြစ်အများစုသည် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့်အကြောင်းရင်းများနှင့် တိုက်ရိုက်ထပ်တူကျနေသောကြောင့် လေထုညစ်ညမ်းမှုကိုလျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေခြင်းတို့မှ ပူးတွဲအကျိုးကျေးဇူးများ(Co-benefits)ကို ရရှိလာနိုင်မည်ဖြစ် . . .**

○ **သန့်ရှင်းသောလေထုသည် လူသားများ၏ ကျန်းမာကြံ့ခိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုကောင်းမွန်မှုတို့အတွက် အခြေခံကျသောအရာဖြစ် . . .**

○ **လူသားတိုင်း သက်ရှည်ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်သန့်ရှင်းနေအောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ် . . .**

၂၀၂၁ ခုနှစ်တွင် လေထုညစ်ညမ်းမှုဆိုင်ရာသက်ရောက်မှုများ၏အထောက်အထားများ ပိုမိုများပြားလာမှုကို တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)သည် $PM_{2.5}$ နှစ်စဉ် ပျမ်းမျှလေထုအရည်အသွေးလမ်းညွှန်ချက်ပမာဏကို တစ်ကုဗမီတာလျှင် ၅ မိုက်ခရိုဂရမ် (5 µg/m³)အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့သည်။ ယင်းပမာဏအောက်တွင် ထိခိုက်မှုအနည်းငယ်မျှသာ တွေ့ရှိရသဖြင့် ဤပမာဏသည် သန့်ရှင်းသောလေထုကို ကိုယ်စားပြုသည်။ အဆိုပါပြင်ဆင်ချက်သည် ၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က သတ်မှတ်ခဲ့သော လမ်းညွှန်ချက်ပမာဏဖြစ်သည့် ၁၀ မိုက်ခရိုဂရမ် (10 µg/m³)ထက် တစ်ဝက်မျှလျှော့ချလိုက်ခြင်းဖြစ်သည်။ အဆိုပါလမ်းညွှန်ချက်ပမာဏသို့ ရောက်ရှိရန် ဆောင်ရွက်ရာတွင် WHO သည် အဆင့်ဆင့်ဆောင်ရွက်ရမည့် ကြားကာလအတွက် ရည်မှန်းချက်များ(Interim Targets)အနေဖြင့် လေထုညစ်ညမ်းပစ္စည်းပါဝင်မှု ပမာဏများကိုလည်း သတ်မှတ်ပေးထားသည်။ အဆိုပါ ကြားကာလအတွက် ရည်မှန်းချက်များသည် လေထုညစ်ညမ်းမှုမြင့်မားသည့် ဒေသများအတွက် ရည်ရွယ်ခြင်းဖြစ်ပြီး အဆိုပါဒေသရှိ အစိုးရများအနေဖြင့် သတ်မှတ်ထားသော အချိန်ကာလအတွင်း လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

**လေထုညစ်ညမ်းမှုအားကြိုတင်ကာကွယ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ**

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေထုညစ်ညမ်းမှုအပါအဝင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများကို ကာကွယ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက်ဦးတည်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)ကို လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအပါအဝင် ရာသီဥတုပြောင်းလဲလာမှုအပေါ် ကမ္ဘာ့နိုင်ငံများနှင့်အတူ ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာဗီယင်နာကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း၊ ပဲရစ်သဘောတူညီချက်၊ ဘာဆယ်ကွန်ဗင်းရှင်း၊ စတော့ဟုမ်းကွန်ဗင်းရှင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာအာဆီယံသဘောတူညီချက်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး ကမ္ဘာ့နိုင်ငံများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ အဓိကမြို့ကြီးများတွင် ဝန်းကျင်လေထုအရည်အသွေးကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။ တိုင်းတာရရှိသည့်လေထုအရည်အသွေးဆိုင်ရာအချက်အလက်များကို နိုင်ငံပိုင်သတင်းစာများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Facebook Page နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Facebook Page တို့တွင် လစဉ်သတင်းထုတ်ပြန်ပေးလျက်ရှိသည်။ ထို့ပြင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို ၂၀၁၅ ခုနှစ်တွင်ထုတ်ပြန်ခဲ့ပြီး စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသောထုတ်လွှတ်အခိုးအငွေ့များကြောင့်လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရန် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

**သန့်ရှင်းသောလေထုရရှိရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ခြင်း**

သန့်ရှင်းသောလေထုရရှိရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို ပေါင်းစပ်ဆောင်ရွက်ရာတွင်

- ■ စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို သုံးစွဲခြင်း၊ စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော သန့်ရှင်းသည့်စွမ်းအင်များကို ပိုမိုအသုံးပြုလာစေရေးဆောင်ရွက်ခြင်း၊
- ■ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် လျှပ်စစ်သုံးယာဉ် အသုံးပြုမှုကို မြှင့်တင်ခြင်း၊ အများပြည်သူအသုံးပြုနိုင်သော သယ်ယူပို့ဆောင်ရေးစနစ်များ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ခြင်း၊
- ■ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုများကို တားဆီးခြင်းနှင့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချနိုင်ရေးဆောင်ရွက်ခြင်း၊
- ■ သစ်တောကဏ္ဍတွင် သစ်တောပြုန်းတီးမှုလျော့နည်းလာအောင်ဆောင်ရွက်ခြင်း၊ သစ်ပင်များကို ပိုမိုစိုက်ပျိုးခြင်းနှင့် သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်း၊
- ■ စက်မှုနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကဏ္ဍတွင် စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့ထွက်ရှိမှုများကို စနစ်တကျကြပ်မတ်ဆောင်ရွက်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စနစ်တကျစီမံခန့်ခွဲခြင်း၊
- ■ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ လေထုအရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ လေထုအရည်အသွေးကို စဉ်ဆက်မပြတ်စောင့်ကြည့်တိုင်းတာစစ်ဆေးပြီး လေ့လာဆန်းစစ်မှုများဆောင်ရွက်ခြင်း၊ သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေ၊စည်းမျဉ်းစည်းကမ်းများ၊ လေထုအရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်အရည်အသွေးဆန်းစစ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကဏ္ဍအလိုက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားမှသာ လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ပြီး ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှု၊ ရာသီဥတုကောင်းမွန်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိနိုင်မည်ဖြစ်သည်။

သန့်ရှင်းသောလေထုသည် လူသားများ၏ ကျန်းမာကြံ့ခိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုကောင်းမွန်မှုတို့အတွက် အခြေခံကျသောအရာဖြစ်သည်။ ကျွန်ုပ်တို့လူသားတိုင်း သက်ရှည်ကျန်းမာပျော်ရွှင်စွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်သန့်ရှင်းနေအောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့လူသားများ၏ ကျန်းမာကြံ့ခိုင်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ရေရှည်တည်တံ့မှုတို့ကို မျှော်မှန်းလျက် ကျွန်ုပ်တို့အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် အလေးအနက်ရည်မှန်းပြီး **“ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့”**ဟုတိုက်တွန်းနှိုးဆော်ရင်း ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင်ရောက်ရှိသော **အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies)**အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဟနွိုင်းမြို့ရှိမြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်သင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များလိုက်ပါ၍ မြန်မာသံရုံးသို့ရောက်ရှိကြရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံးဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခေတ်အဆက်ဆက် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များအချင်းချင်းနှင့် ပြည်သူများအဆက်ဆက် ထိန်းသိမ်းပြုစုပျိုးထောင်ခဲ့ကြသည့် ခိုင်မာသည့်ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့်ဆက်ဆံမှုသမိုင်းကောင်းများရှိကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့်နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား တူညီသည့်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သမိုင်းကြောင်းဆိုင်ရာများ ရှိကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည်လည်း တူညီမှုများစွာရှိခဲ့ကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည်မြန်မာနိုင်ငံနှင့်ပတ်သက်၍ ခိုင်မာသည့် ရပ်တည်ချက်ရှိသည့်နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုကောင်းများရှိသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စီးပွားရေးကို အလေးထားသည့်နိုင်ငံတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုများကို အတုယူကြရန်နှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့တာဝန်ယူဆောင်ရွက်လျက်ရှိပြီးတည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့်အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်း Agro-based Industry ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်၍ နိုင်ငံ့စီးပွားတိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးမြှင့်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ❖ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးမြှင့်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိ

## ❖ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်ရေး၊ နှစ်နိုင်ငံအကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်

သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို အတူတကွလာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက် **စာမျက်နှာ ၁၂ သို့** ⇛



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

⇛ စာမျက်နှာ ၁၁ မှ

ကြရန်လိုကြောင်း၊ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်ရေး၊ နှစ်နိုင်ငံ အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံချစ်စိတ်ဖြင့် အပတ်တကုတ် ကြိုးစားအားထုတ်မှုများကြောင့် တိုးတက်ပြောင်းလဲမှုများစဉ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့ကြသည်ကို အတုယူကြရန်လိုကြောင်း၊ အချင်းချင်းစည်းလုံးညီညွတ်စွာနေထိုင်၍ နိုင်ငံ့အကျိုးကို တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းရွက်သွားကြရန် မှာကြားလိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့်ချီးမြှင့်ငွေများကိုပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသားများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ


## မုတ်သုံလေအားကောင်းလာနိုင်

**နေပြည်တော် စက်တင်ဘာ ၆**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်သည်။

(မိုး/ဇလ)

## မိုးလေဝသ သတင်း




# ရန်ကုန်မြို့အမျိုးသားပြတိုက်သို့ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသွားရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦးနှင့် ဆရာ၊ ဆရာမများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာစဉ် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာပြခန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



# ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများကျင်းပ



**မန္တလေး စက်တင်ဘာ ၆**

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြို့နယ်ကျောင်းပေါင်းစုံ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ချယ်ရီစူပါစိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်နိုင်စွမ်းနှင့် မိမိတို့၏ အတွေးအခေါ်ကို ထိရောက်စွာ ပြန်လည်ထုတ်ဖော်ပြသနိုင်စွမ်း မြင့်မားလာစေရန် ရည်ရွယ်ပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ချမ်းမြသာစည်မြို့နယ် ကျောင်းပေါင်းစုံအခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဆရာ့အမွေအမြုတေခေါင်းစဉ်နှင့် ကဗျာပြိုင်ပွဲကို ပန်းပျိုးလက်တို့စေတနာ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဆရာ့ရင်ခွင်ပန်းဥယျာဉ်ခေါင်းစဉ်နှင့် ကဗျာပြိုင်ပွဲကို ဆရာသခင် မီးအိမ်ရှင် ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၉ ဦး၊ Grade–5 မှ Grade– 12 အထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အဆင့်မြင့်ပညာနှင့် အခြေခံပညာသင် ဆရာ၊ ဆရာမများ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းအုပ်ကြီးများနှင့် အရာထမ်းများအတွက် ဆောင်းပါးပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလင်းသစ်(ပြန်/ဆက်)

# သဲကုန်းမြို့နယ်၌ ရတနာတိုးမိုးစပါးစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်

**သဲကုန်း စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အတွင်း မိုးစပါးများ အထွက်နှုန်းကောင်းစေရန် မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးထားရာ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ယနေ့တွင် ဇလဲ့အုပ်စု ကွင်းအမှတ်(၉၉၇) ဦးပိုင်အမှတ်(၅၈) တောင်သူဒေါ်ခင်ရွှေ၏ လယ်မြေ ၃ ဧက၌ ရတနာတိုးမိုးစပါးစံကွက် သုညဒသမ ၁ ဧက ရိတ်သိမ်းခဲ့ရာ ၁ ဧကလျှင် စပါးအခြောက် ၁၁၈ တင်းခန့် ထွက်ရှိသည်။

အဆိုပါမိုးစပါးရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုး၊ မွေးမြူရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

သဲကုန်းမြို့နယ်အတွင်း၂၀၂၆ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် အောင်နိုင်တိုး ဧက ၅၄၀၊ (YAR–14) ဧက ၈၃၀၊ ထိုင်းနံ့ကောက် ၁၁၆၂၂ ဧက၊ မေ့ဘ်ဘီ(၂) ၁၁၀၀၆ ဧက၊ ရက်(၉၀) ၁၁၂၄၃ ဧက၊ ရတနာတိုး ၂၇၃၄၂ ဧက၊ အင်းမရဲဘော် ၈၄၆၃ ဧက၊ ဗီယက်နမ် ဧက ၁၁၅၆၀ စုစုပေါင်း ဧက ၈၂၆၀၆ စိုက်ပျိုးနိုင်ခဲ့သည်။



ကျေးလက်နေတောင်သူများ မိသားစုဝင်ငွေတိုးပွားစေရေး၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသတွင်းစားရေရိက္ခာဖူလုံစေရေးတို့အတွက် နှစ်စဉ် မိုးစပါး စိုက်ဧကများ စနစ်တကျ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကိုကျော် (သဲကုန်း)

❒ ရှေ့ဖုံးမှအဆက်

ဒေသခံတိုင်းရင်းသားပြည်သူများအား အဆိုပါကျေးရွာရှိ မိုင်းနှုန်းဆုတောင်းပြည့်နီးဘုရားကြီး၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇ ပါးနှင့် ဒေသခံပြည်သူ ၁၉၀ ဦးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**မေး။ နိုင်ငံတော် သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်ကို ဘယ်လိုသုံးသပ်ပါသလဲ။**

**ဖြေ။** နိုင်ငံတော် သမ္မတကြီးရဲ့ ဗီယက်နမ်နိုင်ငံ ခရီးစဉ်က အာဆီယံနိုင်ငံထဲမှာဆိုရင် ဒါကတတိယမြောက်နိုင်ငံကို သွားရောက်ခြင်းဖြစ်ပါတယ်၊ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခြားခရီးစဉ်တွေကို သွားတဲ့အခါမှာလည်း ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သဘောသဘာဝတူညီတဲ့နိုင်ငံတွေကို ဦးစားပေးရွေးချယ်ပြီးတော့ သွားခဲ့တာဖြစ်ပါတယ်၊ ဗီယက်နမ်ကတော့ တတိယမြောက်နိုင်ငံပါ။ ဒီခရီးစဉ်မှာဗီယက်နမ်နိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ စီးပွားရေးဖိုရမ် တွေလည်းပြုလုပ်ခဲ့ပါတယ်၊ တကယ်တော့ ဗီယက်နမ်နိုင်ငံက ကျွန်မတို့နိုင်ငံနဲ့ အခုမှရင်းနှီးမှုတည်ဆောက်တဲ့ သံတမန်ဆက်ဆံရေးရှိတဲ့နိုင်ငံမဟုတ်ပါဘူး။ နှစ်ပေါင်းများစွာသော သံတမန်ဆက်ဆံရေးဆိုရင် ရွှေရတုတိုင်ခဲ့ပါပြီ။ အဲဒီ မတိုင်ခင်ကလည်း ၁၉၅၄ ခုနှစ်မှာ အရင်ဝန်ကြီးချုပ်ဟောင်း ဦးနု ဗီယက်နမ်နိုင်ငံကို အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာလည်း ဗီယက်နမ်နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး မစ္စတာ ဟိုချီမင်း ကျွန်မတို့နိုင်ငံကို အလည်အပတ်လာရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာပဲ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနကနေပြီးတော့မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို မစ္စတာ ဟိုချီမင်းကို ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ဒါကဘာကိုပြောတာလဲဆိုတော့ နှစ်နိုင်ငံရဲ့ဆက်ဆံရေးသည် နှစ်ပေါင်းများစွာ တည်ရှိခဲ့တယ်။ ရင်းနှီးချစ်ကြည်တဲ့ဆက်ဆံရေးလို့ ပြောလို့ရပါတယ်။ အခုခရီးစဉ်ကလည်း ရှိရင်းစွဲ၊ ရှိပြီးသား ချစ်ကြည်ရင်းနှီးမှုအပြန်အလှန်ယုံကြည်မှု တွေကို ပိုပြီးတော့တိုးမြှင့်နိုင်ခဲ့ပါတယ်။ စီးပွားရေးအခွင့်အလမ်းတွေကို ပိုပြီးတော့ ပွင့်လန်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ ၂၀၁၇ တုန်းက MoU ထိုးခဲ့တဲ့ Comprehensive Cooperation Partnership ဟာ လာမယ့်နှစ်ဆိုရင် ၁၀ နှစ်ပြည့်မြောက်ပါပြီ။ အဲဒီအထိမ်းအမှတ်ကိုလည်း ထူးထူးခြားခြားလေးဆောင်ရွက်သွားဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်တွေ သဘောတူညီခဲ့ပါတယ်။ ဒ့ါပြင် ဒီ ၁၀ နှစ်ပြည့်ပြီး နောက်ပိုင်းမှာလည်းထူးခြားတဲ့ အစီအစဉ်တွေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်၊ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့လည်း မြန်မာနိုင်ငံကို ဗီယက်နမ်သမ္မတကြီးလာရောက်လည်ပတ်ဖို့အတွက်ဖိတ်ကြားခဲ့ပါတယ်။ ဒီခရီးစဉ်က သံတမန်ရေးအရရော၊ စီးပွားရေးအရရော၊ ပြည်သူအချင်းချင်း ရင်းနှီးဆက်ဆံမှုဒါတွေကို မြှင့်တင်ဖို့အတွက်ရော ကျွန်မတို့ အများကြီးဆွေးနွေးနိုင်ခဲ့တဲ့ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုလို့ သုံးသပ်နိုင်ပါတယ်။

**မေး။ နိုင်ငံတော် သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်မှာ နိုင်ငံအတွက် စီးပွားရေး၊ ကုန်သွယ်ရေးအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသလဲ။**

**ဖြေ။** ဒီနေ့မနက်ပဲစီးပွားရေးဖိုရမ်လုပ်ခဲ့ပါတယ်၊ စီးပွားရေးဖိုရမ်မှာဆိုရင် မြန်မာနိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင်နဲ့ ဗီယက်နမ်နိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ဒီဖိုရမ်မှာပဲ နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းပြောကြားခဲ့ပါတယ်၊ ပြောတဲ့အခါမှာလည်း မြန်မာနိုင်ငံဘက်ကို လာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံမယ့်၊ ကုန်သွယ်မှုတိုးမြှင့်မယ့်ကိစ္စတွေမှာ ကျွန်မတို့ဘက်က ဘာတွေလုပ်ပေးနိုင်မလဲ။ နောက်တစ်ခါ နိုင်ငံကနေပြီးတော့မှ လွန်ခဲ့တဲ့နှစ်အနည်းငယ်က ပြန်လည်ထွက်ခွာသွားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ သူတို့ကရော ဘာကြောင့်ပြန်ပြီးထွက်ခွာသွားတာလဲ၊ သူတို့မှာ ဘာအခက်အခဲတွေရှိလဲ၊ ဘာအကန့်အသတ်တွေရှိလဲ၊ ကျွန်မတို့ ဘာတွေပြန်ပြီးတော့ ဖြေလျှော့ပေးရမလဲ၊ ဒါတွေအကုန်လုံးကိုလည်း နိုင်ငံတော်သမ္မတကြီးက ပွင့်ပွင့်လင်းလင်းနဲ့ဆွေးနွေးခဲ့ပါတယ်။ ကျွန်မတို့ဘက်က ဘာတွေဆောင်ရွက်ပေးရမလဲ။ အဲဒီတော့ ဒီနေရာမှာ သတင်းကောင်း ကြားခဲ့ရတာက ကျွန်မတို့နိုင်ငံကနေပြီးတော့ ထွက်ခွာသွားတဲ့အရင်စီးပွားရေးလုပ်ငန်းရှင်တွေ၊ သူတို့ကလည်း ပြန်လာဖို့အတွက်ကို စိတ်ဝင်စားကြောင်း၊ မေးမြန်းနေကြကြောင်း သတင်းကောင်းတွေ ကြားခဲ့ရပါတယ်။ နောက်ထပ် ထပ်ပြီးတော့မှလာချင်တဲ့၊ ရင်းနှီးမြှုပ်နှံချင်တဲ့ အဖွဲ့တွေလည်းရှိတယ်လို့ သိရပါတယ်။ ဒီနေ့ဆိုရင် B to B MoU ၇ ခု ထိုးနိုင်ခဲ့ပါတယ်၊ နောက်တစ်ခါစီးပွားရေးဖိုရမ်မှာပဲ ဗီယက်နမ်နိုင်ငံရဲ့ ဒုတိယဝန်ကြီးချုပ်က ဘယ်လိုကဏ္ဍတွေမှာ၊ ဥပမာ- စိုက်ပျိုးမွေးမြူရေး၊ Digital Transformation၊ နောက်တစ်ခါ ခေတ်သစ်ဒ္ဒူတူးဖော်ရေး၊ စွမ်းအင်ကဏ္ဍစသည်ဖြင့် ပူးပေါင်းဆောင်ရွက်မယ့်ကဏ္ဍတွေကို အတိအလင်းချပြသွားပါတယ်။ ဒါဟာ ဆုံးဖြတ်ပြီးသားဖြစ်တဲ့အနေအထားတွေကို တွေ့ရပါတယ်။ ဒါဟာ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်းပဲဖြစ်ပါတယ်။




**မေး။ ဒီခရီးစဉ်က မြန်မာနိုင်ငံနဲ့ အာဆီယံ ဆက်ဆံရေးအတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိမလဲ ဆိုတာသိပါရစေ။**

**ဖြေ။** အာဆီယံအဖွဲ့ဝင်နိုင်ငံ အခု နောက်ဆုံး တီမောလက်စ်တေ နိုင်ငံပါဆိုရင် ၁၁ နိုင်ငံ၊ ကျွန်မတို့နိုင်ငံမပါဘူးဆိုရင် ၁၀ နိုင်ငံပါ။ ၁၀ နိုင်ငံမှာ အခုလာအိုရယ်၊ ထိုင်းရယ်၊ အခုဗီယက်နမ်ရယ် ၃ နိုင်ငံ သွားရောက်ပြီးပါပြီ။ နောက်မကြာခင်မှာပဲ ကမ္ဘောဒီးယားနိုင်ငံကို သွားမှာဖြစ်ပါတယ်၊ ရှေ့ဆက်ပြီးလည်းတခြားအာဆီယံ Member နိုင်ငံတွေကိုသွားဖို့အတွက် အစီအစဉ် ရှိပါတယ်၊ အဲဒီတော့ ကျွန်မတို့သည်အာဆီယံအဖွဲ့အတွင်းမှာ ဒါကထိတွေ့ဆက်ဆံမှုတွေ တဖြည်းဖြည်းတိုးမြှင့်လာတာ ဖြစ်ပါတယ်၊ အဲဒီတော့ ဒီခရီးစဉ်က ကျွန်မတို့မြန်မာနဲ့ ဗီယက်နမ် နှစ်နိုင်ငံထိတွေ့ဆက်ဆံမှု တိုးမြှင့်တာ၊ ဒါတင်မကဘဲနဲ့ ဒါကအာဆီယံ Member နိုင်ငံတွေနဲ့လည်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်တာ ဖြစ်ပါတယ်၊ နောက်တစ်ခုကတော့ ဗီယက်နမ်နိုင်ငံနဲ့ ကျွန်မတို့နိုင်ငံဆိုရင် ပွင့်ပွင့်လင်းလင်းနဲ့ဆက်ဆံတဲ့ ပွဲတစ်ခုလို့လည်း ပြောလို့ရပါတယ်။ အဲဒီတော့ အာဆီယံ Member Countries တွေထဲမှာ ထိတွေ့ဆက်ဆံမှုကို တစ်ဆင့်မြှင့်တင်လိုက်ခြင်းလို့ ကျွန်မတို့ ပြောလို့ရပါတယ်။

**မေး။ ဗီယက်နမ်နိုင်ငံရဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့အပေါ်မှာ မြန်မာနိုင်ငံအနေနဲ့ရော ဘာတွေအတုယူစရာရှိမလဲဆိုတာပြောပြပေးပါ။**

**ဖြေ။** အရင်တုန်းကတော့ ဗီယက်နမ်ဆိုတာ ကျွန်မတို့လိုပဲ CLMV ၄ နိုင်ငံထဲမှာ ပါပါတယ်။ သိပ်ပြီး မကွာခြားခဲ့ပါဘူး။ သို့သော်လည်း အခုသွားကြည့်လိုက်တဲ့အချိန်မှာတော့ ဗီယက်နမ်နိုင်ငံက အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့ရပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံသည် ကျွန်မတို့နိုင်ငံလိုပဲ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံပါ။ လူဦးရေများပါတယ်။ ကျွန်မတို့ထက် လူဦးရေများပါတယ်။ သို့သော်လည်း ဧရိယာအကျယ်အဝန်းက ကျဉ်းပါတယ်။ အဲဒီတော့ရှိတဲ့ မြေမှာပဲ စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းပညာ၊ နောက်ပြီး အားသာချက်တစ်ခုကတော့ သုတေသန၊ ဒါတွေနဲ့ သူတို့ဆောင်ရွက်သွားတယ်။ ဖွံ့ဖြိုးတိုးတက်အောင် စက်မှုနိုင်ငံဖြစ်အောင် တစ်ဆင့်ပြီး တစ်ဆင့် တက်လှမ်းသွားတာကို တွေ့ရပါတယ်။ အဲဒီတော့ ဗီယက်နမ်နိုင်ငံကိုလေ့လာကြည့်တဲ့အချိန်မှာနံပါတ်တစ်အချက်က မြေလွတ်မြေရိုင်းမရှိဘူး၊ ရှိတဲ့မြေပေါ်မှာ အကုန်လုံး စိုက်ပျိုးမွေးမြူရေးကို အပြည့်အဝလုပ်ထားတယ်။ နောက်တစ်ခုကတော့ ဗီယက်နမ်ရဲ့ အားသာချက်သည် လူတိုင်းအလုပ်လုပ်ပါတယ်၊ ကျွန်မတို့ Labour force participation rate အလွန်မြင့်ပါတယ်။ နောက်တစ်ခုကတော့ သူတို့လည်း ကျွန်မတို့လိုပဲအတားအဆီးတွေ၊ အကန့်အသတ်တွေနဲ့ကြုံခဲ့ရတဲ့နိုင်ငံ၊ Sanction တွေ ထိခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ သို့သော်လည်း တစ်ခါတည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်လို့ ဆောင်ရွက်ခဲ့ကြတယ်၊ အခြေအနေတွေ၊ အခက်အခဲတွေကို Blame မလုပ်ဘဲနဲ့ တစ်ဦးချင်းစီကနေပြီးတော့ အားသွန်ခွန်စိုက် ကြိုးစားခဲ့တဲ့အတွက် ဒီဆယ်စုနှစ်တစ်စု၊ နှစ်စုစာကာလအတွင်းမှာပဲ ဗီယက်နမ်နိုင်ငံက အရှိန်အဟုန်နဲ့ တိုးတက်လာတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံနဲ့ ခုနကဗီယက်နမ်တို့ယှဉ်ကြည့်မယ်ဆိုရင် မြေနေရာတွေ အကျယ်ကြီးရှိပါတယ်။ ကောင်းမွန်တဲ့ ရာသီဥတုတွေရှိပါတယ်၊ ၁၂ လ ရာသီဥတု ပတ်လုံးစိုက်ပျိုးနိုင်တဲ့ မြေတွေ၊ ရာသီဥတုအနေအထားတွေ ရှိပါတယ်။ ဒီလိုအနေအထားတွေနဲ့ ဗီယက်နမ်နိုင်ငံက အခု တိုးတက်လာတဲ့နည်းပညာတွေ၊ သူတို့ရဲ့ သုတေသနလုပ်ငန်းတွေ ဒါတွေကိုပေါင်းစပ်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် နှစ်နိုင်ငံလုံးအတွက် Win-win situation ရနိုင်ပါတယ်၊

**မေး။ ဒေသတွင်း ပထဝီစီးပွားရေးအရမြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှုက ဘယ်လိုမဟာဗျူဟာအရေးပါမှုတွေရှိမလဲဆိုတာသိပါရစေ။**

**ဖြေ။** ဗီယက်နမ်နိုင်ငံက ဒီအရှေ့အာရှ အာရှအရှေ့ခြမ်း၊ နောက်တစ်ခါ ပစိဖိတ်သမုဒ္ဒရာဘက် သူတို့နဲ့အဆက်အသွယ်ရှိသလို ကျွန်မတို့ နိုင်ငံသည်လည်း အနောက်အာရှပါ၊ အာရှရဲ့အနောက်ဘက်ခြမ်း၊ တောင်အာရှ၊ နောက်တစ်ခါ ဒီဘက်အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက် ၂ ခု ရှိနေပါတယ်။ အဲဒီတော့ ဒီနှစ်နိုင်ငံကို ချိတ်ဆက်မယ်၊ နဂိုကလည်း လမ်းကြောင်းတွေရှိပြီးသားပါ။ ဗီယက်နမ် ကနေလာအိုရှိမယ်၊ လာအိုကနေ ထိုင်းရှိမယ်၊ အဲဒီကတစ်ဆင့် ကျွန်မတို့နိုင်ငံ ရှိပြီးသားလမ်းကြောင်းတွေ ရှိပါတယ်။ ထပ်ပြီးတော့ ဆက်သွယ်ရမယ့် လမ်းကြောင်းတွေလည်းရှိပါတယ်၊ တကယ်လို့သာဒါကိုချိတ်ဆက်နိုင်မယ်ဆိုရင် အာရှအရှေ့ခြမ်းနဲ့ အနောက်ခြမ်းဆက်သွယ်ပေးနိုင်တဲ့ Transit trade လုပ်နိုင်မယ့်အနေအထားမျိုးရှိပါတယ်။ ဒါကို နိုင်ငံတော်သမ္မတကြီးကလည်း ဒီအနေအထားကို ဗီယက်နမ်သမ္မတကြီးကို မြေပုံနဲ့တကွ အသေအချာရှင်းလင်းပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ချပြခဲ့ပါတယ်။ ဗီယက်နမ်သမ္မတကြီးကလည်း ဒါကို အလွန်စိတ်ဝင်စားပြီးတော့မှ Study တွေလုပ်ရမယ်၊ ဒါကို Research တွေလုပ်ရမယ်၊ ဒီလိုဆက်သွယ်ရေးလမ်းကြောင်းတွေ ပေါ်လာမယ်ဆိုရင် နှစ်နိုင်ငံအတွက် ဘယ်လိုအကျိုးရှိနိုင်မလဲဆိုတာကို လေ့လာဖို့အတွက်ကို အကြမ်းဖျင်းသဘောတူညီခဲ့ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံဆက်ဆံရေး၊ ဒီလိုလမ်းကြောင်းတွေ ဖောက်ထားခြင်းသည် နှစ်နိုင်ငံအတွက်သာမဟုတ်ပါဘူး၊ ကျွန်မတို့ဒေသတွင်းနိုင်ငံ၊ ဒီနှစ်နိုင်ငံအကြားမှာရှိတဲ့နိုင်ငံတွေ၊ မဲခေါင်ဒေသ၊ အနောက်ခြမ်းနဲ့အရှေ့ခြမ်း ဒါတွေအားလုံးသည် Regional ကြီးတစ်ခုလုံးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ဗီယက်နမ်ခရီးစဉ်ရဲ့ အဓိကရလဒ်အနေနဲ့က ဘာဖြစ်မလဲ ဆိုတာသိပါရစေ။**

**ဖြေ။** ဗီယက်နမ်ခရီးစဉ် အဓိကရလဒ်ကတော့ သုံးချက်ပါပဲ။ နံပါတ်တစ်ကတော့ ရှိရင်းစွဲရှိပြီးသား ချစ်ခင်ရင်းနှီးမှု ယုံကြည်မှုအဲ့ဒါကို ပိုပြီးတော့ ခိုင်မာအောင်လုပ်နိုင်ခဲ့ပါတယ်၊ နောက်တစ်ခုကတော့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းပါ။ နှစ်ဖက်သေသေချာချာ ဆွေးနွေးခဲ့တယ်၊ ရရှိနိုင်မယ့်အနေအထားတွေ၊ ပူးပေါင်းဆောင်ရွက်ရင် ရရှိနိုင်မယ့် အကျိုးအမြတ်တွေ၊ ဒါ Win-win situation ၊ နောက်တစ်ခုကတော့ ဒေသတွင်း၊ နောက်တစ်ခါကမ္ဘာ့မျက်နှာစာမှာ အပြန်အလှန် ထောက်ပံ့မယ်၊ ကူညီမယ်၊ အားပေးမယ်။ အဲဒီတော့ ဗီယက်နမ်ဘက်ကလည်း ကျွန်မတို့ဘက်ကို အာဆီယံမျက်နှာစာမှာရော ကမ္ဘာ့မျက်နှာစာမှာပါ အပြည့်အဝ ကျွန်မတို့ရဲ့ ရပ်တည်ချက်ကို ထောက်ခံပါတယ်ဆိုပြီးပြောခဲ့တယ်။ ကျွန်မတို့ဘက်ကလည်း ဗီယက်နမ်ကို အပြည့်အဝ ထောက်ခံသွားမယ်။ အဲဒီတော့ နိုင်ငံရေးအရ၊ သံတမန်ရေးအရ၊ စီးပွားရေးအရ အောင်မြင်တဲ့ခရီးစဉ်လို့ ပြောနိုင်ပါတယ်။

**မေး။ နိုင်ငံတော် သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်တစ်ခုလုံးကို ခြုံပြီးပြောရရင် အဓိကရလဒ်က ဘယ်လိုပြောလို့ရနိုင်ပါသလဲ။**

**စာမျက်နှာ ၁၄ သို့ ⊃**

# ဝါစိုက်ပျိုးရာတွင် တစ်ကွင်းတစ်ဆက်တည်းရှိသော စိုက်ခင်းများ သမဝါယမစနစ်ဖြင့် စနစ်တကျစုပေါင်းစိုက်ပျိုးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၆**

ဝါစိုက်တောင်သူများအနေဖြင့် သမဝါယမစနစ်ဖြင့်စနစ်တကျစိုက်ပျိုးထွက်ရှိလာသော ဝါထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်သော MSME လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ရောင်းချနိုင်ရေးဆောင်ရွက်ကြရန်၊ ဝါစိုက်ပျိုးရာတွင် တစ်ကွင်းတစ်ဆက်တည်းရှိသောစိုက်ခင်းများ၌ သမဝါယမစနစ်ဖြင့် စနစ်တကျစုပေါင်းစိုက်ပျိုးဆောင်ရွက်ကြရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ကျောင်းရာကန်ကျေးရွာရှိ ရှင်းလင်းဆောင်၌ တက်သစ်စစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် အသင်းသားတောင်သူများ၏ မိုးဝါစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကျေးရွာ ၁၀ ရွာရှိ အိမ်ခြေ ၁၃၂၆ အိမ် လူဦးရေ ၇၄၀၀ ကျော်နှင့် စိုက်ပျိုးမြေဧက ၃၅၀ ကျော်တို့ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည့် မိတ္ထီလာ-မန္တလေးကားလမ်းမကြီးမှ ရိုးကန်၊ ကန်သာလမ်းကျေးရွာ ဆက်သွယ်သောလမ်းအား ကတ္တရာလမ်း လမ်းအကျယ်တိုးချဲ့ ဆောင်ရွက်နေမှု၊ သာစည်မြို့နယ် ကမ္ဘာမြင့်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ဖြင့် ဆောင်ရွက်သော နို့စားနွား မွေးမြူရေးလုပ်ငန်းနှင့် နို့ခဲထုတ်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

> **⊃ စာမျက်နှာ ၁၃ မှ**
>
> **ဖြေ။** အဓိကရလဒ်ကတော့ နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှု အဲ့ဒါကိုပိုပြီးခိုင်မာစေခဲ့ပါတယ်။ နောက်တစ်ခုကတော့ စီးပွားရေးအရ အခွင့်အလမ်းတွေ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ နှစ်နှစ်တာ သံတမန်ရေးအရ အချိန်ဇယားပါ။ သံတမန်အချိန်ဇယား ပေါ်ထွက်လာခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့ ဘာတွေဆောင်ရွက်မယ်၊ ဒါတွေရဲ့ ရလဒ်တွေအားလုံးသည် ကျွန်မတို့ ပြည်သူ၊ ပြည်သားတွေအတွက် အကျိုးကိုလက်တွေ့ဖော်ဆောင်ဖို့ ဘာတွေဆောင်ရွက်မယ်ဆိုတဲ့ လမ်းကြောင်းရရှိခဲ့ပါတယ်။ ။
>
> **(သတင်းအဖွဲ့)**

**➼ ကျောဖုံးမှအဆက်**

ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာယူ-၂၀ အသင်းက မော်လ်ဒိုက်ယူ-၂၀အသင်းကိုခြောက်ဂိုးပြတ်သွင်း၍ အနိုင်ရရှိသွားသည်။

အုပ်စုတွင်း နိုင်ပွဲနှစ်ပွဲရရှိထားကြသည့် အသင်းနှစ်သင်းဖြစ်သည်နှင့်အညီ ပထမပိုင်းပွဲစသည်နှင့် သူတစ်ပြန်ကိုယ်တစ်ပြန်ယှဉ်ပြိုင်ရင်း ပွဲကစားချိန်၁၀ မိနစ်တွင် စိုင်းဇွန်သျှန်း၏ပေးပို့မှုမှ စိုင်းဘိုဘိုကျော်က မြန်မာအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းတိုက်စစ်ကို မော်လ်ဒိုက်အသင်းဟန့်တားကာကွယ်ရင်း ပွဲကစားချိန် ၂၁ မိနစ်တွင် ဂိုးဧရိယာပြင်ပမှ သူရမင်းသန့်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြီး ပထမပိုင်းတွင် မြန်မာအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ဒုတိယပိုင်းတွင် မော်လ်ဒိုက်အသင်းချေပဂိုးရရှိရေး လူစားလဲမှုများပြုလုပ်ပြီး တိုက်စစ်ဆင်ခဲ့သော်လည်း မြန်မာအသင်းကသာ ဘောလုံးပိုင်ဆိုင်မှု ဦးဆောင်ကစားခဲ့သည့်အတွက် ချေပဂိုးနှင့် ဝေးခဲ့ရသည်။ မြန်မာအသင်းသည် ပွဲစဉ်တစ်လျှောက် ပြိုင်ဘက်အသင်းကို ဖိအားပေးတိုက်စစ်ဆင်ခဲ့ရာမှ ပွဲကစားချိန် ၅၃ မိနစ်တွင် ကောင်းခန့်ကျော်၏ လှပသည့် ဖန်တီးပေးပို့မှုမှတစ်ဆင့် သူရမင်းသန့်က တတိယဂိုး၊ ပွဲကစားချိန် ၅၇ မိနစ်တွင် ဂိုးဧရိယာအစပ်မှရရှိသည့် ပြစ်ဒဏ်ဘောမှ ကြယ်ရောင်မင်းလေးကကန်သွင်းပြီး စတုတ္ထဂိုး၊ ပွဲကစားချိန် ၇၁ မိနစ်တွင် အောင်သီဟ၏ပေးပို့မှုမှ ကောင်းခန့်ကျော်က ပဉ္စမဂိုး၊ ပွဲကစားချိန် ၈၆ မိနစ်တွင် စွမ်းဇာနည်က ဆဋ္ဌမဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး ပွဲအပြီးတွင် မြန်မာအသင်းက ၆ ဂိုး ဂိုးမရှိဖြင့် မော်လ်ဒိုက်အသင်းကိုအနိုင်ရရှိသွားသည်။

2027 AFC U 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်တွင် အိမ်ရှင်မြန်မာ၊ သီရိလင်္ကာ၊ ဘရူနိုင်းနှင့် မော်လ်ဒိုက်အသင်းတို့ပါဝင်ကြပြီး မြန်မာအသင်းသည် သီရိလင်္ကာအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ဘရူနိုင်းအသင်းကို ၇ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မော်လ်ဒိုက်အသင်းကို ၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း သုံးပွဲကစား သုံးပွဲလုံး ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါအသင်းလေးသင်းအနက်မှ ထိပ်ဆုံးအသင်းနှစ်သင်းသည် ၂၀၂၇ အာရှဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည့်အတွက် မြန်မာယူ-၂၀ အသင်းသည် ၂၀၂၇ အာရှဖလား ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲဝင်ခွင့်ရရှိသွားပြီဖြစ်သည်။ **ဝန်းရံခ**

# ရခိုင်စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၆**

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)တို့ပူးပေါင်းကျင်းပသည့် ဆရာတော်အသျှင်ဦးဥတ္တမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်ရခိုင်စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကိုယနေ့ နံနက်၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးနေမင်းထွန်း၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)နာယကများ၊ ယာယီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်၊ စာပေချစ်မြတ်နိုးသူပြည်သူများတက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနေမင်းထွန်း၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)နာယက ဒေါက်တာနုမြစ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သဘာပတိများက စာတမ်းရှင်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပေးပြီး စာတမ်းရှင်ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)နာယက ဒေါ်မြမေက ခေတ်အဆက်ဆက်ရိုးရာဝတ်စားဆင်ယင်မှု စာတမ်းကိုလည်းကောင်း၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသူရမောင်ရွှေ (သူရိယရွှေ)က လောကထိပ်ပန် ဂူဘုရားမင်စာရှိ ပုဂံခေတ်မြန်မာစကားထဲမှ ရခိုင်ဝေါဟာရများ စာတမ်းကိုလည်းကောင်း၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်) အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးမောင်နီအေး(ရန်နိုင်မင်း)က ရခိုင်သင်ပုန်းကြီး ဝေါဟာကြီးဝေါဟာရများ စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)ယာယီဥက္ကဋ္ဌ ဒေါ်သိန်းညွန့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**လင်းခန့်**

# ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ



**ပုသိမ် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က မင်္ဂလာဖားစည် ကိုးချက်တီး၍ ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြားကာ အခမ်းအနားတွင် ကပြဖျော်ဖြေပေးသည့် ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကိုကျင်းပရာ ဘိုးဘွားများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများအား ကရင်ရိုးရာချည်ဖြူဖွဲ့ပေးခဲ့ကြသည်။

ယမန်နေ့ညနေပိုင်းက တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြင်ဦးလွင် နာရေးကူညီမှုအသင်းနှင့် မြို့သူမြို့သားများ၊ ပုသိမ်မြို့ ပြည်ကြီးခင်အဖွဲ့တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်ပေးအပ်လှူဒါန်းမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စံပြ-နန်းဇလူ ကွန်ကရစ်လမ်းခင်းကျင်းပြီးစီး

**မုံရွာ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကလေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် စံပြ-နန်းဇလူ ကွန်ကရစ်လမ်းခင်းကျင်းပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

အဆိုပါလမ်းပြီးစီးမှုကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း ကလေးမြို့နယ် နန်းဇလူကျေးရွာတောင်သူ ဦးမောင်ခင်၏ ဧရာမင်းမိုးစပါးစိုက်ခင်းအတွင်း ကျင်းပသည့် မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် တမန်းနှိုးခြင်း၊ မြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို တက်ရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးကာ ဒေသခံတောင်သူများထံ သဘာဝပိုးသတ်ဆေးများနှင့် ရွက်ဖျန်းဓာတ်မြေဩဇာများ ပေးအပ်သည်။

ထို့အတူ ကလေးမြို့ မြို့သာရပ်ကွက်ရှိ တစ်ရက်လျှင် တန် ၃၀ ကြိတ်ခွဲထုတ်လုပ်နေသည့် "မိသားစု" ဆန်စက်တွင် ဆန်များကြိတ်ခွဲထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုများနှင့် ကုန်ကြမ်းများသိုလှောင်ထားရှိမှုကိုလည်းကောင်း၊ ကလေး-ကျီကုန်း-ကလေးဝကားလမ်းဘေးရှိ ချမ်းမြေ့အောင်စည်ရပ်ကွက်၌ မိုးစပါးစိုက်ခင်း ရေကြီးနစ်မြုပ်မှုအပေါ် ပြန်လည်ကုစားခြင်းအတွက် ဂျစ်ပဆမ်နှင့် တီစူပါ မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့လည်းကောင်း၊ နယ်မြေခံတပ်မတော်ဆေးရုံတွင် လူနာများအား ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။


**(မိုး/ဇလ)**

⇨ ကျောဖုံးမှအဆက်

လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်း၊ ဦးထွန်းအုံ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဟန္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်နိုင်ငံဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်စဉ်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံသမ္မတနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုပိုမိုခိုင်မာလာစေရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြား နှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည့်အပြင် ဗီယက်နမ်နိုင်ငံရှိ ဒီဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာခြင်း၊ မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် အာမခံအလုပ်သမားလူနာများအတွက် Ultrasound စက်အသစ်တပ်ဆင်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ



**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိအလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် အာမခံအလုပ်သမားလူနာများအတွက် Ultrasound စက် အသစ်တပ်ဆင်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးရုံဆေးကုသဆောင်များတွင် ဆေးရုံတက်ရောက်နေသော အာမခံအလုပ်သမားလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှု၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးနေမှုနှင့် ကျောက်ကပ်သွေးသန့်စင်ဌာနတွင် လူနာများအား ကျောက်ကပ်သွေးသန့်စင်ပေးနေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ထောက်ပံ့လှူဒါန်း၍ ဆေးရုံ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ကလည်း မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ ကင်မရာမှန်ဘီလူးစက်ရုံ Burst Transmission Co., Ltd.သို့သွားရောက်၍ စက်ရုံမှတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စက်ရုံရှိ အကျုံးဝင်အာမခံ အလုပ်သမားများကို အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်များက ရွေ့လျားဆေးကုသယာဉ်ဖြင့်စက်ရုံအရောက် လိုအပ်သော ဆေးဝါးကုသမှုပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ECG ဖြင့် နှလုံး စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ရှိ လူမှုဖူလုံရေးအဖွဲ့၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း (ပြင်ဦးလွင်)၌ ဆေးခန်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှု၊ ဆေးစတိုတွင် ဆေးဝါးများ ထိန်းသိမ်းထားရှိမှု၊ ဆေးပစ္စည်းကိရိယာများနှင့်ဆေးဝါးများရရှိသုံးစွဲမှုနှင့် အာမခံအလုပ်သမားလူနာများ ဆေးဝါးပြတ်လပ်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား (၁၂၇၂၇၆)ဦး ရှိပြီး အဆိုပါ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလုပ်သမားဆေးရုံကြီး(မန္တလေး)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၆ ခန်း၊ ဌာနကြီးဆေးခန်း ၅ ခန်း၊ စာချုပ်ဆေးခန်း ၆ ခန်းတို့ ဖွင့်လှစ်၍ ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ခြင်းနှင့် အာမခံအလုပ်သမားများ စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုးကုန်ကျငွေများအတွက် ဆေးဖိုးပြန်လည်ပေးအမ်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ၂၀၂၆ ခုနှစ်ဧပြီလမှဩဂုတ်လအထိ ဆေးဖိုးကုန်ကျငွေ ကျပ်သန်းပေါင်း ၁၀၅ ဒသမ ၃၃၇ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

## ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မြစ်သားမြို့နယ်၌ စပါးဧက ၃၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မြစ်သား စက်တင်ဘာ ၆**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်မြစ်သားမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါး ၆၂၃၈၅ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ လက်ရှိတွင် ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးစပါးကို ကင်းတားဆည်ရေ၊ မိုးကောင်းရေ၊ သောက်စနစ်၊ မြစ်ရေတင်စနစ်တို့ဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါး ၆၂၃၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ မိုးစပါးများကို ဩဂုတ်လပထမပတ်မှ စတင်စိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် ၃၈၄၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၉၂ အုပ်စု၌ မိုးစပါးစိုက်ပျိုးရာတွင် မနောသုခ၊ ရောမင်း၊ ဆင်းသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ ပေါ်ဆန်းရင် စသည့်စပါးမျိုးများကိုပေါင်ပျိုး၊ ရိုးရိုးပျိုး၊ ကောက်စိုက်စက်၊ ကြဲခင်း၊ Drum Seeder စသည့် စိုက်စနစ်များဖြင့် စိုက်ပျိုးကြပြီး ဒေသခံတောင်သူများက အထွက်နှုန်းကောင်းစပါးမျိုးများကိုရွေးချယ်၍ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလျက်ရှိသည်။

အဆိုပါ မိုးစပါးများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းဝေးစေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"တွင် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ဖိုရမ်သည် နှစ်နိုင်ငံအစိုးရများအကြား နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသည့်အခက်အခဲများ၊ အခွင့်အလမ်းများ၊ အနာဂတ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို တိုက်ရိုက်နားထောင်နိုင်သည့်အခွင့်အရေးဖြစ် . . .**

**မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံလုံးအနေဖြင့် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် အရင်းအမြစ်များကိုပေါင်းစပ်အသုံးချပြီး ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို အတူတကွချဲ့ထွင်သွားရန်လိုအပ် . . .**

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang**

★ **ရှေ့ဖုံးမှအဆက်**

တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်းများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"ကို အခမ်းအနားအစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang က စီးပွားရေးဖိုရမ်နှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ယခုစီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ နှစ်နိုင်ငံအစိုးရများအကြား သဘောတူညီချက်များနှင့် ကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော်ပေးနေကြသောနှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် အသင်းအဖွဲ့များ၏ တက်ကြွစွာပါဝင်မှုကို ဝမ်းမြောက်စွာတွေ့မြင်ရပါကြောင်း၊ ၎င်းတို့အနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အလားအလာများကို လက်တွေ့ကျသော စီမံကိန်းများအဖြစ် ပြောင်းလဲပေးပြီး ထုတ်ကုန်များ၊ အလုပ်အကိုင်များ ဖန်တီးပေးကာ နှစ်နိုင်ငံပြည်သူများအတွက် အမှန်တကယ် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ ဖိုရမ်ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ဘက်စုံမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းပြီး ထိရောက်လာစေမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမြင်နှင့် အကြံပြုချက်များကို မိမိအနေဖြင့် အလေးထားပါကြောင်း၊ ယနေ့ဖိုရမ်သည် နှစ်နိုင်ငံအစိုးရများအကြား နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများကြုံတွေ့နေရသည့် အခက်အခဲများ၊ အခွင့်အလမ်းများ၊ အနာဂတ်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို တိုက်ရိုက်နားထောင်နိုင်သည့် အခွင့်အရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံလုံးအနေဖြင့် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်အရင်းအမြစ်များကို ပေါင်းစပ်အသုံးချပြီး ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို အတူတကွချဲ့ထွင်သွားရန် လိုအပ်ကြောင်း။

မိမိတို့နှစ်နိုင်ငံအနေဖြင့် စီးပွားရေးအသိုက်အဝန်းကို ယခင်ကတည်းကပင် ထူထောင်ထားရှိပြီး ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရေရှည်ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများအား မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်သွားလိုပါကြောင်း၊ သို့ဖြစ်ပါ၍ အဆွေတော်သမ္မတကြီးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ယုံကြည်စွာ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များကို လမ်းညွှန်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုရလဒ်များအရ **ဗီယက်နမ်နိုင်ငံအစိုးရအနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးမှုများကို ပိုမိုမြှင့်တင်သွားရန်၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ၍ လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်သွားရန်၊ လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထိရောက်စွာအသုံးချပြီး စီးပွားရေးလုပ်ငန်းများ၌ ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွ ပူးပေါင်းဖြေရှင်းသွားရန်၊ ဗီယက်နမ်နှင့် မြန်မာစီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးအခွင့်အလမ်း ရှာဖွေရုံသာမက ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်သွားရန်၊** မြန်မာနိုင်ငံ၏ စီးပွားရေးအရ လိုအပ်ချက်ရှိသည့်ကဏ္ဍများတွင် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်သွားရန် စသည့် အချက်ငါးချက်ကို အကြံပြုလိုပါကြောင်း၊ တက်ရောက်လာကြသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုပြီး စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှု၏ အကျိုးရလဒ်များကို နှစ်နိုင်ငံပြည်သူများခံစားရရှိသွားကြရန်လိုကြောင်း၊ နှစ်နိုင်ငံစီးပွားရေးအသိုက်အဝန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများ ရရှိနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အောင်မြင်




ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang ဆွေးနွေးပြောကြားစဉ်။

**ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကာ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ထုတ်ကုန်များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ သံမဏိထုတ်ကုန်များကို အဓိကတင်သွင်းလျက်ရှိ . . .**

**ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဒေသတွင်းသဘောတူညီချက်များကိုအခြေပြု၍ မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းကာ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ စားသောက်ကုန်နှင့်ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းစသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများတည်ထောင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပြီး ကမ္ဘာ့စားနပ်ရိက္ခာတန်ဖိုးကွင်းဆက်အတွင်း အတူတကွဝင်ရောက်နိုင်ရန်ဖိတ်ခေါ် . . .**

**ယနေ့ကျင်းပသည့် စီးပွားရေးဖိုရမ်သည် ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်မျိုးဆက်များအတွက်ပါအကျိုးရှိမည့် ရေရှည်တည်တံ့သည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ပေးနိုင်မည်ဖြစ်၊ နှစ်နိုင်ငံအကြား "အပြန်အလှန်လေးစားမှုကိုအခြေခံသည့် မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာကိုအခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းစေမည့် အနာဂတ်" ကို အတူတကွဖော်ဆောင်သွားနိုင်မည်ဟုယုံကြည် . . .**

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

မှုများရရှိနိုင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားနိုင်ရန်ရည်ရွယ်သည့် မိမိ၏ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖိုရမ်တစ်ရပ် ကျင်းပနိုင်သည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊ ယနေ့ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံ၏ အနာဂတ်တွင် ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည့်အလားအလာကောင်းများကို ထင်ဟပ်ဖော်ပြနေကြောင်း။

**ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏အရေးပါသည့်ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကာ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ထုတ်ကုန်များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ သံမဏိထုတ်ကုန်များကို အဓိကတင်သွင်းလျက်ရှိ**ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရန်အတွက်လည်း အဓိကကျသည့်မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့တွင် အဓိက






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများတွင်သာမက လုံခြုံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ **မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့နိုင်ငံရေးနှင့်စီးပွားရေးအပြောင်းအလဲများ၊ စိန်ခေါ်မှုများမြင့်မားနေသည့်ကာလအတွင်း၌ပင် အပြန်အလှန်လေးစားမှုများဖြင့်ဒေသတွင်းတွင် အားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် ဆောင်ရွက်နေကြပြီး သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ထင်ရှားသည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ် အနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည့် Mytel Myanmar လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာကောင်းတစ်ခုဖြစ်ကြောင်း။

အနာဂတ်တွင်လည်း မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ဆက်သွယ်ရေး၊ နည်းပညာ၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန်ယုံကြည်ချက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးနိုင်သည့် အချက်အချာနေရာတွင်တည်ရှိပြီး စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာရှိသကဲ့သို့ သဘာဝသယံဇာတများ၊ ရေချိုနှင့်ရေငန်သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝကြောင်း၊ ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိသဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဒေသတွင်းသဘောတူညီချက်များကို အခြေပြု၍ မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းကာ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ စားသောက်ကုန်နှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းစသည့် တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပြီး ကမ္ဘာ့စားနပ်ရိက္ခာ တန်ဖိုးကွင်းဆက်အတွင်း အတူတကွ ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် ဒီဂျစ်တယ်အခြေခံအဆောက်အအုံ၊ ဆိုက်ဘာလုံခြုံရေး၊ အစိုးရဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးတို့တွင် ဗီယက်နမ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည်လည်း မြန်မာ-ဗီယက်နမ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အလားအလာကောင်းသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ တောတောင်ရေမြေ၊ သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထူးခြားသည့် ဒေသခရီးစဉ်များသည် နှစ်နိုင်ငံခရီးသွားများသာမက နိုင်ငံတကာမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိကြောင်း၊ ထို့အတူ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အတွက် အရေးပါသည့်ရေအား လျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည်စွမ်းအင် **စာမျက်နှာ ၁၈ သို့** ★

★ စာမျက်နှာ ၁၇ မှ

ထုတ်လုပ်ရေးနှင့် Biomass စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးနှင့်အာဆီယံ စီးပွားရေးစင်္ကြံတစ်လျှောက် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများ၊ သံ၊ သံမဏိနှင့်ဘိလပ်မြေ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင်လည်း ဗီယက်နမ်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း။


ဗီယက်နမ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာ၌ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင် သာမက လယ်ယာပေါင်းစည်းဇုန်များနှင့် စက်မှုစီမံကိန်းများကိုလည်း ထူထောင်ဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်ဟူ၍ အထူးစီးပွားရေးဇုန်ကြီး ၃ ခုရှိပြီး သီလဝါစီးပွားရေးဇုန်သည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများ (GMS Economic Corridors) အနက် အရှေ့-အနောက်စီးပွားရေးစင်္ကြံ (EWEC-East-West Economic Corridor) ဖြစ်သည့် မြန်မာနိုင်ငံ (မြဝတီ)-ထိုင်း-လာအို-ဗီယက်နမ်နိုင်ငံ (ဒါနန်း) လမ်းကြောင်းနှင့် ချိတ်ဆက်သွားမည်ဖြစ်သဖြင့် အနာဂတ်တွင် ဒေသတွင်း အရေးပါသည့် နိုင်ငံဖြတ်ကျော်မဟာဗျူဟာမြောက်ကုန်သွယ်ရေးလမ်းကြောင်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်သည်လည်း အနာဂတ်တွင်မဟာဗျူဟာမြောက်အရေးပါသည့် နေရာတစ်ခုဖြစ်လာမည်ဖြစ်ပြီး GMS Economic Corridors အနက် Southern Economic Corridor (SEC) တောင်ပိုင်းစီးပွားရေးစင်္ကြံလမ်း ဖြစ်သည့် မြန်မာနိုင်ငံ (ထားဝယ်)-ဗန်ကောက်-လွန်ပရာဘမ်-ဗီယက်နမ်နိုင်ငံ (ဒါနန်း) လမ်းကြောင်းနှင့် ချိတ်ဆက်သွားနိုင်မည်ဖြစ်သဖြင့် ဒေသတွင်းအရေးပါသည့်မဟာစီမံကိန်းတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း။

ထို့အပြင်မြန်မာနိုင်ငံတွင်ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့်ဥပဒေ ၄ ရပ်နှင့်အညီ အကာအကွယ်ပေးလျက်ရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင်လည်း နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် အလုပ်အကိုင်များ ဖန်တီးခြင်းနှင့်ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**“တစ်ဦးတည်းဆိုပါက လျင်မြန်စွာသွားနိုင်သော်လည်း အတူတကွပူးပေါင်းမှသာလျှင် ဝေးဝေးသို့ ရောက်နိုင်သည်”**ဆိုသည့်အဆိုအမိန့်အတိုင်းယနေ့ကဲ့သို့ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမရေရာမှုများနှင့် ရင်ဆိုင်နေရချိန်တွင် နိုင်ငံတစ်ခုတည်း၊ ကုမ္ပဏီတစ်ခုတည်းဖြင့် ရပ်တည်ရန် ခက်ခဲကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ထူထောင်ထားသည့်ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအောက်တွင်အထူးသဖြင့်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုအပါအဝင်နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့ကျင်းပသည့် စီးပွားရေးဖိုရမ်သည်ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ အကျိုးရှိမည့်ရေရှည်တည်တံ့သည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား **“အပြန်အလှန်လေးစားမှုကို အခြေခံသည့် မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာကိုအခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်ဖက်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် အနာဂတ်”** ကို အတူတကွဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ကြောင်းကို အလေးအနက်ဆွေးနွေးပြောကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် **“မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”**တွင် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် **“မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”**တွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှစီးပွားရေးလုပ်ငန်းရှင် ၆၀၀ ခန့် တက်ရောက်ခဲ့ကြပြီး လုပ်ငန်းရှင်များအကြားနားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ အပြန်အလှန် လက်မှတ်ရေးထိုးခြင်းနှင့် နှစ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအား ပြခန်းပေါင်း ၂၀ ကျော်ခင်းကျင်းပြသနိုင်ခဲ့ကြကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Chu Cong Phung နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြားစီးပွားရေးနှင့် ကူးလူးဆက်ဆံမှုများဖွံ့ဖြိုးတိုးတက်စေရေး၊ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ အစိုးရနှစ်ရပ်၏ အားပေးမှုနှင့်အတူ လုပ်ငန်းရှင်များနှင့်အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် Fire Dragon International Futsal Cup -2026 လက်ခံကျင်းပ

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြသီတာ ဘောလုံးကွင်းတွင်အလျားပေ၁၀၀ x အနံ ပေ ၄၀ အထူးတန်းပွဲကြည့်စင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အထူးတန်းပွဲကြည့်စင် တည်ဆောက်နေမှုနှင့် မြသီတာ အားကစားခန်းမတို့ကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင်ပဒေသာအားကစားကွင်း၌ အလေးမ၊ လက်ဝှေ့၊ ဘိလိယက်/စနူကာ၊ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်) စသည့် အားကစားနည်းအလိုက် တိုင်းလက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်ကစားနေမှုကို ကြည့်ရှုအားပေးပြီး အားကစားဆပ်ကော်မတီ ဥက္ကဋ္ဌများက အားကစားကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဖူဆယ်ဘောလုံးကော်မတီဥက္ကဋ္ဌ၊ ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်အတူ သဃ်ာန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ MFF Futsal Indoor Stadium ၌ မြန်မာနိုင်ငံ၌



ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့်သဲသောင်ပြင် ဘောလုံးကော်မတီနှင့် EABC Distribution Co.,Ltd.တို့ ပူးပေါင်းကျင်းပသည့် Fire Dragon International Futsal Cup -2026 ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်သည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင်အသင်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး MIU FC အသင်းနှင့် Black Pearl အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်း(YTC) ဘောလုံးကွင်း၌ ကျင်းပသည့် 2027 AFC U 20 Asian Cup Qualifiers ပြိုင်ပွဲတွင် မြန်မာ U 20 အသင်းနှင့် မော်ဒိုက် U 20 အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာအသင်းက မော်ဒိုက် U 20 အသင်းကို ၆ ဂိုး ဂိုးမရှိဖြင့် အပြတ်အသတ်အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ၂၀၂၉ ခုနှစ် အာရှဖလား U 20 ပြိုင်ပွဲ ခြေစစ်ပွဲကို အောင်မြင်စွာ ဝင်ခွင့်ရရှိသွားသည့်အတွက် မြန်မာအသင်းမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆-၉-၂၀၂၆

| | | |
|---|---|---|
| ဘီလင်း | ၄ ဒသမ ၃၃ | လက်မ |
| ပူတာအို | ၃ ဒသမ ၅၀ | လက်မ |
| ဒေးဒရဲ | ၂ ဒသမ ၄၀ | လက်မ |
| ဟားခါး | ၂ ဒသမ ၁၂ | လက်မ |
| မိုင်းခတ် | ၁ ဒသမ ၉၈ | လက်မ |
| ကွမ်းခြံကုန်း | ၁ ဒသမ ၈၉ | လက်မ |
| ဖျာပုံ | ၁ ဒသမ ၆၉ | လက်မ |
| မချမ်းဘော့ | ၁ ဒသမ ၆၉ | လက်မ |
| ပဲခူး | ၁ ဒသမ ၄၂ | လက်မ |
| သန်လျင် | ၁ ဒသမ ၂၆ | လက်မ |

# ဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်း စီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက် (၁၉)ခုနှင့် ကျေးရွာအချို့ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်တွင်၈ပေ၁လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၂ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ဝန်မြစ်ရေသည် ဩဂုတ်လ ၃၀ ရက်တွင်၇ပေ၁လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၂ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၁ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်တွင် ဝန်မြစ်ရေသည်ဩဂုတ်လ ၂၄ ရက်တွင်၁၁ပေ ၂ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၁၀ လက်မခန့်သာကျန်ရှိသဖြင့် ၄ ပေ ၄ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဝန်ပန်းတာရေဝင်ရောက်မှု ထိန်းချုပ်ကာကွယ်နိုင်ရန်လုပ်ငန်းများဆောင်ရွက်စဉ်။


ရပ်ကွက်၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့်ကျောင်းကုန်းမြို့နယ်များရှိရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ဝန်မြစ်ရေသည် ဩဂုတ်လ ၃၀ ရက် ၂ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၁၀ လက်မခန့်သာကျန်ရှိသဖြင့် ၄ ပေ ၄ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မြောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်၊ ထို့နောက်တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး၊ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည် တိုက်စားကာ အိပ်ပွဲကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား တာမိုင် (၁၁/၅)နှင့် (၁၁/၆)ကြား ယာယီပန်းတာတည်ဆောက်ခြင်း၊ ဆည်မြောင်းမူရင်းတာ တာမိုင် (၁၁/၆ + ၃၀၀) မှ (၁၁/၇ + ၆၀၀) အတွင်း ခန့်မှန်းလျာထား အလျား (၇၀၀) ပေအား သဲအိတ်များဖြင့် တာခြေထောက်ခြင်း၊ ဆည်မြောင်းတာအတွင်းဘက်ခြမ်း တာမိုင် (၁၁/၆ + ၃၀၀) မှ တာမိုင် (၁၁/၇ + ၆၀၀)ထိ ပန်းတာတည်ဆောက်ခြင်း၊မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextine ခင်းခြင်း၊ Steel Cable Groyne ၂-ချောင်း ဆောင်ရွက်ခြင်းနှင့်ရေလယ်သောင်တူးခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။


ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

## Bentley က ပထမဆုံး လျှပ်စစ်ကားသစ် Torcal ကို မိတ်ဆက်



ဗြိတိန်ရဲ့ နာမည်ကျော်အဆင့်မြင့် ဇိမ်ခံကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်တဲ့ Bentley ဟာ စွမ်းဆောင်ရည်မြင့် လျှပ်စစ်စနစ်သုံးအဆင့်မြင့် SUV ကားသစ်ဖြစ်တဲ့ Torcal ကို ထုတ်ဖော်ပြသလိုက်ပါတယ်။ စပိန်နိုင်ငံရဲ့ ထုံးကျောက်တောင်တန်း သဘာဝဘေးမဲ့တောဖြစ်တဲ့ El Torcal de Antequera နဲ့ ရူပဗေဒဆိုင်ရာ ရွေ့လျားအား (Torque) ကို အစွဲပြုအမည်ပေးထားတဲ့ ဒီကားဟာ Bentley ရဲ့ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ထုတ်လုပ်လိုက်တဲ့ လျှပ်စစ်သီးသန့် ဇိမ်ခံကားအမျိုးအစားဖြစ်ပါတယ်။

Torcal ကားမှာ Volkswagen Group ရဲ့ အဆင့်မြင့်လျှပ်စစ်စနစ် PPE နည်းပညာကို အခြေခံထားပြီး မြင်းကောင်ရေ ၈၀၀ မှ ၉၀၀ ဝန်းကျင်အထိ စွမ်းအင်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် နာရီဝက်မလိုဘဲ ၇ မိနစ်အားသွင်းရုံနဲ့ မိုင် ၁၀၀ စာ ခရီးသွားနိုင်မယ့် 300 kW အမြန်အားသွင်းစနစ် ပါဝင်တာကြောင့် ခရီးဝေးတွေအတွက် အထူးသင့်လျော်ပါတယ်။

တခြား EV ကားတွေလို ကွန်ပျူတာ အသံတု သို့မဟုတ် စက်တုအသံတွေကို သုံးစွဲထားခြင်းမရှိဘဲ တယောနဲ့ ဒရမ် စတဲ့ ဂီတတူရိယာအစစ်တွေရဲ့အသံကို သဘာဝအတိုင်း ပေါင်းစပ်ဖန်တီးထားတဲ့ ကားမောင်းသံစနစ်ကို ထည့်သွင်းထားတာက တကယ့်ကိုထူးခြားချက်ဖြစ်ပါတယ်။ အတွင်းပိုင်းမှာတော့ ခေတ်မီနည်းပညာနဲ့ ရှေးဟောင်းလက်ရာတွေကိုပေါင်းစပ်ထားပြီး Curation Engine လို့ အမည်ပေးထားတဲ့ အီလက်ထရွန်နစ် နာရီပုံစံစနစ်ပါဝင်ပါတယ်။

ဒီကားကို အခြေခံဈေးနှုန်း အမေရိကန်ဒေါ်လာ ၂၃၃၀၀၀ ဝန်းကျင်နဲ့ စတင်ရောင်းချဖွယ်ရှိပြီးလာမယ့် စက်တင်ဘာလ ၂၃ ရက်မှာ တရားဝင်ပွဲထုတ်သွားမှာ ဖြစ်ပါတယ်။

**Ref: AE**

**ကိုထက်**

## ခရမ်းချဉ်သီးမှာ အသည်းကျန်းမာရေးအတွက် ဒြပ်ပေါင်းအသစ်တစ်မျိုးပါဝင်



ခရမ်းချဉ်သီးထဲမှာ သာမန်အားဖြင့် မမြင်နိုင်တဲ့ ဒြပ်ပေါင်းတစ်မျိုးပါဝင်နေပြီး အဲဒီဒြပ်ပေါင်းဟာ အသည်းအဆီဖုံးရောဂါကိုကာကွယ်ရာမှာ ထိရောက်တဲ့ အကျိုးကျေးဇူးတွေပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ Tufts တက္ကသိုလ်မှသုတေသီတွေက တွေ့ရှိခဲ့ပါတယ်။

ယခင်က ခရမ်းချဉ်သီးရဲ့ အဓိကအကျိုးကျေးဇူးကို နီရဲတဲ့အရောင်ဖြစ်စေတဲ့လိုင်ကိုပင်းဓာတ်ကြောင့်လို့ပဲ ယူဆခဲ့ကြပါတယ်။ ဒါပေမဲ့ အခုလေ့လာမှုမှာတော့ လိုင်ကိုပင်းမဖြစ်မီ ရှေ့ပြေးဖြစ်တဲ့ ဖိုင်တိုအင်းဆိုတဲ့ အရောင်မဲ့ဒြပ်ပေါင်းတစ်မျိုးဟာလည်း အသည်းမှာအဆီစုပုံမှုကို သိသိသာသာလျှော့ချပေးနိုင်ကြောင်း တွေ့ရှိခဲ့တာပါ။

သုတေသနပြုလုပ်ချက်အရ ကြွက်တွေကို ပြုပြင်ထားတဲ့ ကာဘိုဟိုက်ဒရိတ်အစားအစာတွေ ကျွေးမွေးပြီး အဆီဖုံးရောဂါဖြစ်ပွားစေတဲ့အခြေအနေ ဖန်တီးခဲ့ရာမှာ ဖိုင်တိုအင်းဓာတ်ရရှိတဲ့ ကြွက်တွေဟာ မရရှိတဲ့ကြွက်တွေထက် အသည်းအဆီဖုံးမှုနည်းပါးကြောင်း တွေ့ရှိခဲ့ရပါတယ်။ Phytoene ဟာ အသည်းရဲ့ဇီဝကမ္မဖြစ်စဉ်ကို လှုံ့ဆော်ပေးပြီး ပိုလျှံနေတဲ့ အဆီတွေကို လောင်ကျွမ်းစေတာကြောင့် အသည်းဆဲလ်တွေထဲ အဆီစုပုံမသွားအောင် ကူညီပေးတာဖြစ်ပါတယ်။

ဒီဖိုင်တိုအင်းဓာတ်ဟာ ခရမ်းချဉ်သီး အထူးသဖြင့် ခရမ်းချဉ်သီးအနှစ်မှာ အများဆုံးပါဝင်ရုံတင်မကဘဲ မုန်လာဥနီ၊ ငရုတ်ပွနီ၊ ဖရဲသီး၊ သင်္ဘောသီးနဲ့ မက်မွန်သီးတို့လို အသီးအနှံတွေမှာလည်း ကြွယ်ဝစွာ ပါဝင်ပါတယ်။

အဆီများတဲ့ အစားအစာတွေနဲ့ သကြားဓာတ်များတဲ့ အစားအစာတွေကြောင့် ဖြစ်ပွားတတ်တဲ့ အသည်းအဆီဖုံးရောဂါကိုကာကွယ်ဖို့အတွက် ဖိုင်တိုအင်းဒြပ်ပေါင်းရရှိနိုင်မယ့် သဘာဝအသီးအနှံတွေကို ပိုမိုစားသုံးပေးသင့်ကြောင်း သုတေသီတွေက တိုက်တွန်းထားပါတယ်။

**Ref: STD**

**ကိုထက်**

## အမေရိကန်ရေတပ်က T38 စက်ရုပ် စစ်သင်္ဘောများကိုစမ်းသပ်



အမေရိကန်ရေတပ်ဟာ သူတို့ရဲ့ T38 Devil Ray အမည်ရှိ လူမပါဘဲ အလိုအလျောက် မောင်းနှင်နိုင်တဲ့ စက်ရုပ်စစ်သင်္ဘောတွေကို ပင်လယ်ပြင်အတွင်း လက်တွေ့စမ်းသပ်နိုင်ခဲ့တယ်လို့သိရပါတယ်။ သူတို့ကို စက်သုံးဆီဖြည့်တင်းပေးနိုင်မယ့် အလိုအလျောက် စက်ရုပ်စနစ်အဖြစ် အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့တာပါ။

ဒီစမ်းသပ်မှုကို အမေရိကန်ရေတပ်ရဲ့ အမှတ် (၅) ရေယာဉ်စုက ဦးဆောင်ပြီး ပါရှန်းပင်လယ်ကွေ့အတွင်း ပြုလုပ်ခဲ့တာပါ။ တာဝန်ထမ်းဆောင်နေတဲ့ ပင်လယ်ပြင်အတွင်းမှာတင် လူသားတွေရဲ့ တိုက်ရိုက် ပါဝင်ကူညီမှုမလိုဘဲ စက်ရုပ်လက်တံနဲ့ နည်းပညာသုံးစနစ်တွေကိုအသုံးပြုကာ စက်သုံးဆီပြန်လည်ဖြည့်တင်းပေးခဲ့တာဖြစ်ပါတယ်။

ဒီလိုအလိုအလျောက်စက်သုံးဆီဖြည့်တင်းနိုင်မှုကြောင့် စစ်သင်္ဘောတွေအနေနဲ့ ဆိပ်ကမ်းတွေကို ပြန်လည်ဝင်ရောက်စရာမလိုဘဲ ပင်လယ်ပြင်အတွင်း တာဝန်ထမ်းဆောင်နိုင်တဲ့ ကာလကို သိသိသာသာတိုးမြှင့်နိုင်မှာပါ။

အမေရိကန် ရေတပ်အနေနဲ့ အနာဂတ်ရေကြောင်း စစ်ဆင်ရေးတွေနဲ့ နယ်စပ်ကင်းလှည့်စောင့်ကြည့်ရေးလုပ်ငန်းတွေမှာ လူမပါတဲ့ စက်ရုပ်သင်္ဘော အုပ်စုတွေကို ရေရှည်ထိရောက်စွာအသုံးပြုနိုင်ဖို့အတွက် ဒီနည်းပညာကို မဟာဗျူဟာမြောက် ထည့်သွင်းစမ်းသပ်ခဲ့တာဖြစ်တယ်လို့သိရပါတယ်။

**Ref: AR**

**ကိုထက်**

## Xiaomi က Smart Band 11 ကို တရားဝင်မိတ်ဆက်



Xiaomi ကုမ္ပဏီဟာ သူတို့ရဲ့ ရေပန်းစားလှတဲ့ Smart Band စီးရီးရဲ့ မျိုးဆက်သစ်ဖြစ်တဲ့ Xiaomi Smart Band 11 ကို တရားဝင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရပါတယ်။

အဲဒီ Smart Band 11 မှာ ၁ ဒသမ ၇၂ လက်မ AMOLED Display ပါဝင်ပြီး ပေါင်ကိုပိုမိုကျဉ်းမြောင်းအောင် ပြုလုပ်ထားပါတယ်။ Brightness အနေနဲ့ အမြင့်ဆုံး 2000 nits အထိ ရရှိမှာဖြစ်လို့ နေရောင်အောက်မှာ ကြည့်ရှုရတာ ပိုမိုစိုပြည် ထင်ရှားလာမှာပါ။ ကိုယ်ထည်အထူမှာ ၉ ဒသမ ၉၉ မီလီမီတာသာရှိပြီး ပိုမိုပေ့ါပါးပါးလွှာလာပါတယ်။

ကျန်းမာရေးစနစ်အနေနဲ့ နှလုံးခုန်နှုန်း၊ သွေးတွင်းအောက်ဆီဂျင်နဲ့ စိတ်ဖိစီးမှုတိုင်းတာခြင်းများအပြင် HRV Monitoring နဲ့ AI နည်းပညာသုံး အဆင့်မြင့် အိပ်စက်မှုစောင့်ကြည့်ပြင်ဆင်ရေးစနစ်များ ပါဝင်လာပါတယ်။ အားကစားပုံစံပေါင်း ၁၅၀ ကျော်ကိုလည်း ထောက်ပံ့ပေးထားပါတယ်။

Xiaomi ရဲ့ HyperOS စနစ်နဲ့ မောင်းနှင်မှာဖြစ်ပြီး ဘက်ထရီစွမ်းရည်က တစ်ကြိမ်အားသွင်းရုံနဲ့ ၂၁ ရက်အထိ အသုံးပြုနိုင်မယ်လို့ ဆိုပါတယ်။ ရိုးရိုး Model ကို တရုတ်ယွမ် ၂၈၉ ယွမ် နီးပါး သတ်မှတ်ထားပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချမယ့် ရက်စွဲကို ထပ်မံထုတ်ပြန်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**Ref: GA**

**ကိုထက်**

## အာတိတ်ရေခဲပြင်တုန်ခါမှုများမှ ရာသီဥတုပြောင်းလဲမှုအခြေအနေများကို ပညာရှင်များဖော်ထုတ်



အာတိတ်ဒေသက ရေခဲပြင်တွေ အရည်ပျော်တာ၊ ရွေ့လျားတာနဲ့ အချင်းချင်းတိုက်မိတဲ့အခါ ထွက်ပေါ်လာတဲ့ တုန်ခါမှုအသံတွေကို နားထောင်ပြီး ရာသီဥတုပူနွေးလာမှုက ရေခဲပြင်တွေရဲ့ ကြံ့ခိုင်မှုကို ဘယ်လောက်ထိ ပြောင်းလဲသွားစေလဲဆိုတာ သိပ္ပံပညာရှင်တွေ လေ့လာတွေ့ရှိခဲ့ပါတယ်။

Geophysical Research Letters မှာ ဖော်ပြထားတဲ့ လေ့လာမှုအရ သုတေသီတွေဟာ အလက်စကာပြည်နယ်ရှိ ရေခဲပြင်တုန်ခါမှုတွေကို လေ့လာခဲ့ကြတာပါ။ ဆောင်းရာသီမှာ ရေခဲပြင်တွေဟာ ခိုင်မာထူထဲပြီး ရွေ့လျားတဲ့အခါမှာ တည်ငြိမ်တဲ့ တုန်ခါမှုအသံတွေကိုပဲ ထုတ်လွှင့်ပါတယ်။ ဒါပေမဲ့ ရာသီဥတုပူနွေးလာတဲ့ နွေဦးပေါက်ရာသီကို ရောက်တဲ့အခါမှာတော့ ရေခဲပြင်တွေက အလွယ်တကူ ကွဲကြေလွယ်သွားပြီး တုန်ခါမှုအသံတွေကလည်း ပုံမှန်မဟုတ်ဘဲ စည်းချက်မညီတဲ့ အက်ကွဲသံမျိုးတွေအဖြစ် ပြောင်းလဲသွားတာကို တွေ့ခဲ့ရပါတယ်။

ဒီလိုရေခဲပြင်တွေရဲ့ တုန်ခါမှုအသံလှိုင်းတွေကို နားထောင်ပြီး ခွဲခြမ်းစိတ်ဖြာခြင်းအားဖြင့် ကင်မရာနဲ့ အလွယ်တကူ မြင်နိုင်ဖို့ခက်ခဲတဲ့ ရေခဲပြင်အောက်ခြေက ပွတ်တိုက်မှုတွေ၊ အက်ကွဲမှုတွေနဲ့ ဖိအားအပြောင်းအလဲတွေကို အတိအကျ သိရှိနိုင်မှာဖြစ်ပါတယ်။

ဒီလေ့လာတွေ့ရှိမှုဟာ အာတိတ်ဒေသဆက်တိုက် ပူနွေးလာတာနဲ့ အမျှ ရေခဲပြင်တွေပြိုကွဲပြီး ကမ်းရိုးတန်းဒေသတွေကို ဝင်တိုက်နိုင်မယ့် အန္တရာယ်တွေကို ကမ်းခြေနေပြည်သူတွေအတွက် ကြိုတင်ခန့်မှန်းပေးနိုင်ဖို့ အများကြီးကူညီပေးနိုင်မှာပါ။

**Ref: IE**

**ကိုထက်**

MYAWADY IN ENGLISH DAILY EDITION

# President of the Republic of the Union of Myanmar U Min Aung Hlaing discusses means to facilitate trade and promote investment between the two countries at the Myanmar-Vietnam Business Forum

NAY PYI TAW September 6

**The Myanmar-Vietnam Business Forum** was held at Melia Hotel in Hanoi, the Socialist Republic of Vietnam, this afternoon to promote trade and investment between the two countries. President of the Republic of the Union of Myanmar U Min Aung Hlaing discussed means to realize the goals of the forum.

Also present at the forum were members of the delegation who accompanied President U Min Aung Hlaing, Member of the Political Bureau of Vietnam and Deputy Prime Minister H.E. Mr. Nguyen Van Thang, Deputy Minister of Finance H.E. Mr. Nguyen Duc Chi and government officials, the patron and members of Union of Myanmar Federation of Chambers of Commerce and Industry, chairs and members of Myanmar-Vietnam friendship associations, and entrepreneurs of the two countries.

The Myanmar President and party arrived at the forum, and were heartily welcomed by officials and entrepreneurs of the two countries.




**President of the Republic of the Union of Myanmar U Min Aung Hlaing discusses means to facilitate trade and promote investment between the two countries at the Myanmar-Vietnam Business Forum.**

The forum commenced according to the agenda. Deputy Minister of Finance H.E. Mr. Nguyen Duc Chi and UMFCCI Chairman U Aye Win extended greetings.

In his supplementary discussions regarding the forum, Deputy Prime Minister H.E. Mr. Nguyen Van Thang said he was glad to witness the active participation of business entities and organizations of the two countries that are practically implementing the agreements and commitments between the two governments. He expressed belief that they will be able to turn opportunities of bilateral cooperation into practical plans that will generate jobs and products to actually benefit the peoples of the two countries. He said the forum will deepen bilateral partnership and cooperation in multi-sectors, saying that he pays attention to the views and suggestions of businesspersons. Today's forum provides an opportunity to directly hear about hardships the entrepreneurs of both countries are facing in their investments, production and businesses, and their opportunities and future investment plans in dealing with the governments of the two countries. Hence, both Myanmar and Vietnam must utilize their available resources through integration to jointly extend the area of cooperation.



**President U Min Aung Hlaing tours the exhibition booths on display at the Myanmar-Vietnam Business Forum.**

The two countries have already set up a business community, he said, urging Vietnamese businesspersons to continue investing in Myanmar for long-term interest. He said, "I would like to request Your Excellency, Mr. President, to give guidance for extending investments with trust." The Deputy Prime Minister explained that based on the results of the discussion between the two Heads of States, **Vietnam government would like to present a five-point suggestion—to enhance business links and mutual support between the two countries, to exchange experiences to generate a secure and sustainable economic development, to jointly solve the hardships the businesses are facing through the effective use of the areas of cooperation, for Vietnamese and Myanmar businesses to not only seek economic opportunities** but also work together as reliable, long-term partners, and Vietnam to increase investments in the business in which Myanmar has shortages. Businesspersons of Myanmar and Vietnam at this forum should conduct joint operations and should share their benefits of business development with the peoples of both countries. He wished for the continued progress and success of the bilateral business community, as well as the success of their joint projects.

In discussing the enhancement of bilateral trade and investment, the President expressed great pride and satisfaction in holding a forum on business and investment between Myanmar and Vietnam during his visit, which aims to further strengthen existing friendship and cooperation

SEE PAGE - 24

# President U Min Aung Hlaing gives guidance to Myanmar Embassy and Military Attaché office staff and their families and scholarship trainees in Hanoi, Vietnam

**NAY PYI TAW September 6**

President of the Republic of the Union of Myanmar U Min Aung Hlaing, currently in the Socialist Republic of Vietnam, met Myanmar Embassy and Military Attaché office staff and their families and scholarship trainees at the Myanmar Embassy in Hanoi this morning and gave guidance.

On their arrival at the Myanmar Embassy, the President, his spouse Daw Kyu Kyu Hla and delegation members were warmly welcomed by staff and families of Myanmar Embassy and Military Attaché office and trainees.

The President put his signature as record of the guestbook of the embassy.

In meeting with staff and families and trainees, the President said that Vietnam and Myanmar share a fine history of strong friendship and excellent bilateral relations, nurtured and preserved across successive generations of leaders and peoples. Vietnam is a trustworthy nation for Myanmar, bound by shared traditional cultures and customs, as well as historic parallels, particularly in their respective struggles for independence. Vietnam maintains a firm stance regarding Myanmar, marked by warm friendship and active bilateral engagement. Furthermore, as an economy-driven nation and one of the leading ASEAN members in terms of economic growth, Vietnam serves as a model of development, underscoring the need to emulate its economic progress and work genuinely



President U Min Aung Hlaing and his spouse Daw Kyu Kyu Hla meet Myanmar Embassy and Military Attaché office staff and their families and scholarship trainees.

SEE PAGE - 23 ▶▶

# High-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla arrives back from Vietnam to Myanmar

**NAY PYI TAW September 6**

A high-level Myanmar delegation led by President of the Republic of the Union of Myanmar and spouse Daw Kyu Kyu Hla, after paying an official visit to the Socialist Republic of Vietnam at the invitation of President of the Socialist Republic of Vietnam Mr. To Lam and his wife, left Noi Bai International Airport in Hanoi this afternoon.

The delegation was seen off at the airport by Member of the Central Committee of the Communist Party of the Socialist Republic of Vietnam and Minister of President's Office Mr. Le Khanh Hai, senior officials and officials, the Vietnamese ambassador to Myanmar, Myanmar Ambassador to Vietnam U Wai Lin and his wife, Myanmar Military Attache (Army, Navy and Air) Brig-Gen Zaw Min and officials.

During the farewell, the guard of honour of Vietnam saluted the delegation from both sides of the red carpet.

Members of the entourage of the President union ministers U Khin Maung Yi, U Tin Maung Swe, U Min Naung, Dr.Charlie Than and U Tun Ohn and senior military officers from the Office of the Commander-in-Chief, Yangon Region Chief Minister U Aung Naing Thu, deputy ministers and officials returned with the President.

During the visit, the President held bilateral talks with the Vietnamese President and discussions with the Vietnamese prime minister and the chairman of the National Assembly and frankly exchanged views on promotion of bilateral friendship and cooperation, further consolidation of existing bilateral friendship, acceleration of



President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla are welcomed back at the airport in Nay Pyi Taw by officials.



President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla are seen off at Noi Bai International Airport in Hanoi by Vietnamese officials.

SEE PAGE - 23 ●●

▶▶ **FROM PAGE - 22**

toward national development.

A Hluttaw and government that emerged through a free and fair general election are currently assuming their respective responsibilities in Myanmar. Myanmar is placing emphasis on ensuring stability and peace as well as promoting development. As Myanmar is a country where agriculture and livestock breeding are major sectors, we are promoting the development of agro-based industries and working to boost the national economy. The government is also making efforts to increase investment and trade with regional countries and partner countries.

As embassy and military attaché office staff and their families are serving the duties of the State together abroad, they should support, assist and look after one another, and work together to discharge their respective duties effectively. In addition, they should work together through diplomatic relations to further strengthen bilateral relations and create opportunities for mutually beneficial economic activities, as well as export and import businesses between the two countries.



**President U Min Aung Hlaing presents gifts to a staff member of Myanmar Embassy.**



**President U Min Aung Hlaing puts his signature as record on the guestbook of the embassy.**

Although Vietnam experienced the devastation of war and sanctions and restrictions for decades, continuous progress and development were achieved through its tireless efforts driven by patriotism. Myanmar should learn from Vietnam's experience, urging everyone to live together in unity and contribute to the interests of the country in whatever way they can. Then, the President gave necessary instructions.

After the meeting, the President and his spouse presented gifts and cash rewards for staff and families of Myanmar Embassy and Military Attaché office and trainees. The Ambassador, the Military Attaché (Army, Navy and Air) and trainees accepted the gifts and cash awards.

The President and his spouse cordially greeted Myanmar Embassy and Military Attaché office staff and their families and scholarship trainees.

**Myawady**

●● **FROM PAGE - 22**

cooperation between the two governments, parliaments and peoples and enhancement of trade and investment and other multi-sectoral cooperation while visiting digital technology and other industries of Vietnam and attending the Myanmar-Vietnam economic forum, carrying out the boosting of trade and investment between the two countries.

The high-level Myanmar delegation led by the President and his spouse arrived back at the airport in Nay Pyi Taw in the evening and was cordially welcomed back by Vice President U Nyo Saw and his wife, Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and his wife, Speaker of Amyotha Hluttaw U Aung Lin Dway and his wife, Commander-in-Chief of Defence Services General Ye Win Oo and his wife, union ministers and their wives, the commander of Nay Pyi Taw command and officials from the Embassy of Vietnam in Myanmar. **Myawady**

## Yinmabin District earmarks cultivation of more than 19,000 acres of cotton

**YINMABIN September 6**

Statistics of the Agriculture Department in Yinmabin District of Sagaing Region stated that local authorities have earmarked cultivation of 19,150 acres of cotton as monsoon crops in the district.

In 2026-2027 monsoon cultivation season, Yinmabin Township set a plan to grow 5,000 acres of cotton, Kani Township 7,000 acres, Salingyi Township 3,200 acres and Pale Township, 3,950 acres, totalling 19,150 acres.

"This year, more than 19,000 acres of cotton are targeted for cultivation in Yinmabin District during the monsoon cropping season. Arrangements are currently being made to begin cultivation within this month. Efforts will be undertaken to ensure that the targeted acreage is fully achieved," said Daw Myat Moe Win, head of the Agriculture Department in Yinmabin District.

It is learned that, this year, the relevant township agriculture departments in Yinmabin District have been providing technical training courses for cotton growers to ensure access to quality cotton seed varieties, preventive measures against pests and diseases for successful crop production, and the use of proper cultivation methods to achieve good yields. Necessary technical assistance required by cotton farmers will also continue to be provided.

The cultivation cost for cotton is about Ks-350,000 per acre, and the yield is reported to be around 1,000 viss per acre.

In cotton cultivation, farmers can also practice crop sequencing with onions and intercropping with pigeon peas, allowing them to obtain at least one type of crop and thereby increase their income. **SK**

## Authorities earmark cultivation of more than 2,000 acres of sunflower in Myinmu Township

**MYINMU September 6**

Sagaing District Agriculture Department stated that local authorities set plans to grow more than 2,000 acres of sunflower as cold season crops in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season, Myinmu Township has targeted the cultivation of 2,030 acres of sunflower crops, and farmland is currently being ploughed in preparation for planting.

To promote expanded sunflower cultivation in Myinmu Township, the relevant Township Department of Agriculture is accelerating awareness and technical training programmes. Additional training courses will also be conducted to improve the capacity of both staff members and farmers who plan to cultivate sunflowers.

This year, plans are also being made to provide sunflower seeds to farmers in Myinmu Township, sell urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer exchange systems. **SMK**

FROM PAGE - 21

between the two countries. He conveyed his confidence that the forum would solidify friendly ties and economic cooperation between the two peoples while boosting regional economic development.

He noted that current bilateral cooperation spans extensively across all sectors, including politics and diplomacy as well as security, defence, economy, trade, and investment. He emphasized that **Myanmar-Vietnam relations continue to strengthen regionally through mutual respect, even amid heightened global political and economic shifts and challenges.** In particular, he stated that economic and trade cooperation reflects strong potential for greater development in the future of both nations.

He stated that **Vietnam is an important trading partner for Myanmar, with Myanmar primarily exporting agricultural, aquatic, and food products to Vietnam, while importing fertilizers, plastic goods, vehicles, spare parts, and steel products from Vietnam.** He added that investment is crucial for a country's development and serves as a key driving force in strengthening bilateral relations. Vietnamese investors are primarily engaged in Myanmar's manufacturing, transport, communications, hotel, tourism, and services sectors, while also investing in mining, oil and natural gas, livestock, and fisheries. Highlighting a notable investment, he mentioned that Mytel Myanmar, established in 2018, plays a vital role in Myanmar's telecommunications sector and stands as an exemplary model of bilateral investment and technological cooperation.

He expressed confidence in further expanding multifaceted cooperation between Myanmar and Vietnam in areas such as telecommunications, technology, industry, agriculture, energy, tourism, and human resource development. Highlighting Myanmar's investment opportunities, he noted its strategic geographic location connecting China, India, South Asia, Southeast Asia, and the Indian Ocean, as well as its extensive fertile land, abundant natural resources, and rich freshwater and marine reserves. He added that the tropical climate enables year-round agricultural activities. He invited Vietnamese entrepreneurs to leverage regional agreements to partner with local businesses in setting up value-added manufacturing operations such as agricultural input production and food and aquatic product processing to jointly enter global food value chains. Furthermore, he extended an invitation for Vietnamese cooperation in digital infrastructure, cybersecurity, e-government service transformation, telecommunication technology, digital payment systems, and the development of an innovative business ecosystem.

He noted that tourism represents another promising sector to expand Myanmar-Vietnam economic cooperation, as the natural beauty, cultural heritage, and unique travel destinations of both nations can attract both local and international tourists, creating mutual opportunities in hotel and hospitality services. Likewise, he invited Vietnamese investors to invest in key infrastructure development projects, including hydropower, solar, and biomass energy production, as well as infrastructure projects along the India-Myanmar-Thailand Trilateral Highway and the ASEAN Economic Corridor, alongside iron, steel, and cement manufacturing.

Vietnamese investors undertaking investments in Myanmar are able to establish not only industrial zones and special economic zones but also integrated agricultural zones and industrial projects, according to official reports. Myanmar currently has three major special economic zones: Kyaukphyu Deep-Seaport and Special Economic Zone, Thilawa Special Economic Zone and Dawei Deep-Seaport and Special Economic Zone. Among these, the Thilawa Special Economic Zone is poised to connect with the East-West Economic Corridor (EWEC)—one of the Greater Mekong Subregion (GMS) Economic Corridors—which traverses Myanmar (Myawady), Thailand, Laos and Vietnam (Da Nang). This connectivity is expected to transform the route into a strategically significant transnational trade corridor in the future.

Similarly, the Dawei Deep-Seaport and Special Economic Zone is anticipated to become a strategically vital location in the years ahead, linking with the Southern Economic Corridor (SEC) of the GMS Economic Corridor, which runs from Myanmar (Dawei) through Bangkok and Luang Prabang to Vietnam (Da Nang). This development positions the project as a major regional initiative of considerable importance.

Furthermore, Myanmar provides protection for domestic products and investments under four intellectual property laws. In promoting investment, the government places emphasis on technology collaboration, the creation of high-quality employment opportunities and the enhancement of domestic manufacturing capabilities. In this regard, Myanmar has affirmed its commitment to facilitating Vietnamese investment enterprises and prioritising the expansion of bilateral trade and investment between the two nations.

In line with the adage, **"If you want to go fast, go alone; if you want to go far, go together,"** it was noted that amid the current global economic uncertainties, it is challenging for any single nation or company to stand alone. Therefore, under the comprehensive cooperative partnership established between Myanmar and Vietnam, there is an urgent need to accelerate collaboration across a wide range of sectors, including economy, trade and investment, transportation, information and communications technology, science and technology, agriculture, livestock breeding, tourism, and people-to-people exchanges.

The business forum convened today is expected to foster a sustainable economic partnership that will benefit not only the present generation but also future ones. It was expressed with conviction that the two countries can jointly build **a future grounded in mutual respect, driven by technology-based development, and geared towards mutual benefit.**

Subsequently, the President and delegation toured the exhibition booths on display at the **Myanmar-Vietnam Business Forum,** engaging with officials at each exhibit to seek further clarification and discuss the presentations made.

Approximately 600 business representatives from both Myanmar and Vietnam attended today's **Myanmar-Vietnam Business Forum.** The event featured the exchange of memoranda of understanding on cooperation and understanding among entrepreneurs, along with over 20 exhibition booths showcasing products from both countries. The forum successfully generated numerous trade and investment opportunities between the two nations.


In a related development, the President received Mr. Chu Cong Phung, Chairman of the Vietnam-Myanmar Friendship Association, and his delegation. During the meeting, the parties exchanged candid views on enhancing economic and people-to-people ties, promoting multifaceted cooperation and ensuring the successful implementation of joint business endeavours with the support of both governments.

**Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## သတင်းမှတ်စု တရုတ်စစ်သင်တန်းကျောင်းမှာ AI သင်ရိုးညွှန်းတမ်းကို လက်တွေ့နဲ့အညီပြောင်းလဲပြင်ဆင်ဖို့လုပ်နေ



ကမ္ဘာပေါ်မှာ နည်းပညာနဲ့ စစ်ရေးပြိုင်ဆိုင်မှုတွေ ပိုမိုပြင်းထန်လာတာနဲ့အမျှ အနာဂတ်စစ်ပွဲတွေရဲ့ ပုံစံဟာလည်း အခြေခံကျကျပြောင်းလဲလို့လာနေပါတယ်။ ဒီလိုအခြေအနေမှာ တရုတ်နိုင်ငံရဲ့ထိပ်တန်း စစ်ဘက်ဆိုင်ရာ သင်ကြားရေးဌာနတစ်ခုဖြစ်တဲ့ အမျိုးသားကာကွယ်ရေးနည်းပညာ တက္ကသိုလ်မှာ သင်ကြားနေတဲ့ AI သင်ရိုးညွှန်းတမ်းတွေကို လက်တွေ့စစ်ဆင်ရေးလိုအပ်ချက်တွေနဲ့ အမှန်တကယ်ကိုက်ညီမှုရှိအောင် အမြန်ဆုံးပြန်လည်ပြင်ဆင်ရေးဆွဲဖို့ စစ်ဘက်ဆိုင်ရာသုတေသီတွေနဲ့ ပညာရှင်တွေက တိုက်တွန်းလိုက်ပါတယ်။ လက်ရှိ သင်ကြားရေးစနစ်ဟာ စာတွေ့သဘောတရားပိုင်းကိုပဲ ပိုမိုဦးစားပေးနေပြီး တကယ့်စစ်မြေပြင်မှာ လက်တွေ့အသုံးချနိုင်စွမ်းနည်းပါးနေသေးတာကြောင့် စစ်ပွဲအတွက် ပညာပေးရန်ဆိုတဲ့ မူဝါဒအတိုင်း ပြုပြင်ပြောင်းလဲဖို့ တောင်းဆိုလိုက်တာဖြစ်ပါတယ်။

စစ်ဘက်သုတေသီတွေရဲ့ ထောက်ပြချက်အရ လက်ရှိ စစ်သင်တန်းကျောင်းတွေမှာ သင်ကြားပေးနေတဲ့ AI သင်ရိုးတွေဟာ သာမန်အရပ်ဘက်ကွန်ပျူတာသိပ္ပံသင်ရိုးတွေနဲ့ များစွာကွာခြားမှုမရှိဘဲ အခြေခံသီအိုရီတွေ၊ ပရိုဂရမ်ရေးဆွဲနည်းတွေနဲ့ ပုံမှန်အယ်လဂိုရီသမ်တွေအပေါ်မှာပဲ အဓိက အခြေခံထားတာကို တွေ့ရပါတယ်။ ဒါဟာ လက်တွေ့ စစ်ဆင်ရေးနယ်ပယ်မှာ ကြုံတွေ့ရမယ့်ရှုပ်ထွေးဆန်းပြားတဲ့ စစ်ပွဲဝန်းကျင်နဲ့ အကွာကြီးကွာခြားနေတာဖြစ်ပါတယ်။

စစ်မြေပြင်မှာ AI ကို အသုံးပြုတော့မယ်ဆိုရင် ရန်သူ့ဘက်က နည်းပညာဆိုင်ရာနှောင့်ယှက်ဖျက်ဆီးမှုတွေ၊ သတင်းအချက်အလက်အမှားပေးပြီး လှည့်စားမှုတွေကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် သာမန် AI ပညာရှင် မဟုတ်ဘဲ ဖိအားများတဲ့ စစ်ဆင်ရေးဝန်းကျင်အောက်မှာ AI စနစ်တွေကိုအသုံးချပြီး မြန်ဆန်မှန်ကန်တဲ့ စစ်ဗျူဟာမြောက် ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မယ့် စစ်ဘက်ဆိုင်ရာ AI အထူးပြုစစ်သည်တော်တွေကို မွေးထုတ်ပေးနိုင်ဖို့ အရေးတကြီးလိုအပ်နေတာဖြစ်ပါတယ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ စစ်ရေးမဟာဗျူဟာအရ ယခင် သတင်းအချက်အလက် အဓိကထားတဲ့ စစ်ပွဲများမှသည် အနာဂတ်ရဲ့ဉာဏ်ရည်တုအခြေပြုစစ်ဆင်ရေးသို့ ကူးပြောင်းနိုင်ဖို့ အရှိန်အဟုန်မြှင့်ကြိုးပမ်းလျက်ရှိပါတယ်။

ဒီလို ကူးပြောင်းရာမှာ AI နည်းပညာကို ပဓာနကျတဲ့ စစ်ဆင်ရေးနယ်ပယ် ၃ ခုမှာ ထိရောက်စွာ အသုံးပြုနိုင်ဖို့ စစ်သင်တန်းကျောင်းရဲ့သင်ရိုးများမှာ ထည့်သွင်းဖို့ လုပ်ဆောင်လာနေတာပါ။ အဲဒီနယ်ပယ်တွေကတော့ အလိုအလျောက်စစ်ဆင်ရေးစနစ်များဖြစ်တဲ့ လူမလိုဘဲ အလိုအလျောက်မောင်းနှင်နိုင်တဲ့စစ်သင်္ဘောများ၊ သံချပ်ကာယာဉ်များနဲ့ ဒရုန်းအုပ်များကို စနစ်တကျကွပ်ကဲအုပ်ချုပ်မှုနယ်ပယ်၊ စစ်မြေပြင်အခြေအနေသိရှိနားလည်မှုအတွက်ဂြိုဟ်တုများ၊ ဒရုန်းများနဲ့ရေဒါများမှလာတဲ့ များပြားလှစွာသော ဒေတာများကို AI အသုံးပြုပြီး စက္ကန့်ပိုင်းအတွင်း ခွဲခြမ်းစိတ်ဖြာကာ ရန်သူ့လှုပ်ရှားမှုကို တိကျစွာခန့်မှန်းမှုနယ်ပယ်၊ စစ်ဆင်ရေးဆုံးဖြတ်ချက်အထောက်အကူပြုစနစ်မှာ တိုက်ပွဲအတွင်း အရေးပေါ်အခြေအနေများနဲ့ရင်ဆိုင်ရချိန် တပ်မှူးများအနေနဲ့ အမှားအယွင်းမရှိ မှန်ကန်တဲ့ဗျူဟာများကို ရွေးချယ်နိုင်ဖို့ AI က အကြံပြုတွက်ချက်ပေးမှုနယ်ပယ်တို့ဖြစ်ပါတယ်။

အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ကြား ကမ္ဘာ့စစ်ရေးနဲ့ နည်းပညာဆိုင်ရာပြိုင်ဆိုင်မှု အရှိန်မြင့်တက်နေချိန်မှာ ဒီလိုစစ်ဘက်ဆိုင်ရာAI သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုထွက်ပေါ်လာတာဖြစ်ပါတယ်။ တရုတ်နိုင်ငံ စီမံကိန်းရေးဆွဲသူများက အနာဂတ်စစ်ပွဲများမှာ နည်းပညာအရသာလွန်မှုရရှိရေးအတွက် စစ်ဘက်–အရပ်ဘက် နည်းပညာပူးပေါင်းဆောင်ရွက်မှု မူဝါဒကိုကျင့်သုံးကာ အရပ်ဘက် AI စွမ်းရည်များကို စစ်ဘက်ဆီကူးပြောင်းပေးလျက်ရှိသော်လည်း အမှန်တကယ်စစ်ပွဲကို ဦးဆောင်မယ့် စစ်ဘက်ခေါင်းဆောင်များရဲ့ AI ကျွမ်းကျင်မှုအပိုင်းမှာတော့ လိုအပ်ချက်များရှိနေသေးကြောင်း သုံးသပ်ထားကြပါတယ်။

ဒါကြောင့် တရုတ်စစ်ဘက်ဆိုင်ရာ သင်တန်းကျောင်းများမှာ AI သင်ရိုးကို စစ်ပွဲအတွက် အမှန်တကယ်အသုံးဝင်စေရန် ပြန်လည်ပြင်ဆင်ရေးတိုက်တွန်းချက်က သာမန်ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်ခုမဟုတ်ဘဲ အနာဂတ်ရေရှည်စစ်ရေးသာလွန်မှုကို ရယူရန်နဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို ခေတ်မီနည်းပညာမြင့် တပ်မတော်အဖြစ် အသွင်ကူးပြောင်းရန် မဟာဗျူဟာမြောက် ပြင်ဆင်မှုတစ်ခုဖြစ်ကြောင်း မီးမောင်းထိုးပြနေပါတယ်။

Ref: SCMP

ထက်မြတ်

## ပူတင်နှင့်အမေရိကန်ကိုယ်စားလှယ်တို့၏ ဆွေးနွေးပွဲထိရောက်မှုရှိ

**မော်စကို၊ နိုင်ငံရေး**

ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ အမေရိကန် အထူးကိုယ်စားလှယ်တွေဖြစ်တဲ့ စတိဝစ်ကော့၊ ဂျဲရက်ကူရှနာတို့ မော်စကိုမှာတွေ့ဆုံခဲ့တဲ့ ဆွေးနွေးပွဲဟာ ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်မှုရှိကြောင်း ရုရှားသမ္မတရုံးမှအကြံပေးပုဂ္ဂိုလ် ယူရီအူရှာကော့က စက်တင်ဘာလ ၆ ရက်နံနက်ပိုင်းမှာ ပြောပါတယ်။

သုံးနာရီကျော် ကြာမြင့်ခဲ့တဲ့ ဒီဆွေးနွေးပွဲမှာ ယူကရိန်းပဋိပက္ခကို နိုင်ငံရေး၊ သံတမန်ရေးနည်းလမ်းတွေနဲ့ အဖြေရှာဖို့ ရုရှားဘက်က အသင့်ရှိကြောင်း ပူတင်က ထပ်လောင်းပြောပါတယ်။ ဒါ့အပြင် စစ်ပွဲနယ်မြေအတွင်း ရုရှားတပ်မတော်ရဲ့ လက်ရှိတိုးတက်မှုတွေကို ရှင်းလင်းပြခဲ့သလို၊ ပဋိပက္ခရဲ့ အဓိက အရင်းအမြစ်ဖြစ်တဲ့ အကြောင်းရင်းတွေကို ပယ်ဖျက်ဖို့ လိုအပ်ကြောင်းလည်း ထောက်ပြခဲ့ပါတယ်။

ယူကရိန်းအရေးအပြင် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အပြန်အလှန်အကျိုးပြုမယ့်စီမံကိန်းကြီးတွေကိုပါ အခုဆွေးနွေးပွဲမှာ အသေးစိတ်ဆွေးနွေးခဲ့ကြတာပါ။ အမေရိကန်ကိုယ်စားလှယ်တွေအနေနဲ့ ယူကရိန်းကိုရောက်ရှိချိန်မှာ ပူတင်ရဲ့သတင်းစကားတွေကို တိုက်ရိုက်လက်ဆင့်ကမ်း ပြောပေးသွားမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးကြား ပုဂ္ဂိုလ်ရေး ဆက်သွယ်မှုတွေကိုလည်း ဆက်လက်ထိန်းသိမ်းသွားမယ်လို့ သိရပါတယ်။

Ref: Xinhua



## အမေရိကန်လေယာဉ်တင်သင်္ဘော USS Abraham Lincoln ထိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာ

**ဘန်ကောက်၊ နိုင်ငံရေး**

အရှေ့အလယ်ပိုင်းမှာ ကိုးလနီးပါးကြာမြင့်စွာ စစ်ဆင်ရေးတာဝန်တွေ ထမ်းဆောင်ခဲ့တဲ့ အမေရိကန်ရဲ့ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော USS Abraham Lincoln ဟာ ငါးရက်ကြာ ခရီးတစ်ထောက်ရပ်နားမှုအပြီးမှာ ထိုင်းနိုင်ငံကနေ ပြန်လည်ထွက်ခွာသွားပြီဖြစ်ပါတယ်။

သင်္ဘောပေါ်မှာ လိုက်ပါလာတဲ့ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ နီးပါးဟာ စက်တင်ဘာလ ၁ ရက်ကတည်းက ထိုင်းနိုင်ငံ ပတ္တရားကမ်းခြေအနီးရှိ လမ်ချဘန်ဆိပ်ကမ်းကို ရောက်ရှိခဲ့ကြတာပါ။ ပင်လယ်ပြင်မှာ ကာလရှည်တာဝန်ထမ်းဆောင်ခဲ့ရတာကြောင့် စိတ်ခံစားကျဆင်းမှုနဲ့ အစားအစာလိုအပ်ချက်ရှိနေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေချိန်မှာ အခုလို ထိုင်းနိုင်ငံမှာ အနားယူခရီးတစ်ထောက်ရပ်နားခဲ့ကြတာ ဖြစ်ပါတယ်။

အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ ပတ္တရားမြို့မှာအနားယူတဲ့အတွက် ဒေသတွင်းစီးပွားရေးကိုအမေရိကန်ဒေါ်လာ ၃ သန်းနီးပါးအထိ စီးဝင်စေခဲ့ပါတယ်။ စက်တင်ဘာလ ၆ ရက်နံနက်ပိုင်းမှာတော့ စစ်သင်္ဘောကြီးဟာ အမေရိကန် အမှတ် (၇) ရေယာဉ်စုနယ်မြေအတွင်း ပုံမှန်တာဝန်များဆက်လက်ထမ်းဆောင်ဖို့အတွက် ထိုင်းနိုင်ငံကနေ ပြန်လည်ထွက်ခွာသွားတာဖြစ်ပါတယ်။

Ref: ST

## နယူးဒေလီတောင်ပိုင်းရှိ ဆတ်ယနိုင်ကီတန်ရပ်ကွက်မှာ သုံးထပ်တိုက်ပျက်စီးပြိုကျ၊ ကျောင်းသားအများအပြားပိတ်မိနေ

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံ နယူးဒေလီတောင်ပိုင်းရှိဆတ်ယနိုင်ကီတန်ရပ်ကွက်မှာ စက်တင်ဘာလ ၆ ရက်က အထပ်မြင့်အဆောက်အအုံတစ်လုံးပျက်စီးပြိုကျသွားခဲ့တာကြောင့်ကျောင်းသားအများအပြား အပျက်အစီးတွေအောက် ပိတ်မိနေတယ်လို့ ဒေသတွင်းရဲတပ်ဖွဲ့က အတည်ပြုပြောပါတယ်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာကို အမျိုးသားဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့ (NDRF) ရဲ့ ကယ်ဆယ်ရေးအဖွဲ့ဝင်များစွာ ရောက်ရှိနေပြီး အရေးပေါ်ရှာဖွေရေးနဲ့ ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအချိန်အထိ ပိတ်မိနေသူတွေအနက်ကျောင်းသားလေးဦးကို အပျက်အစီးတွေ အောက်ကနေ ကယ်ထုတ်နိုင်ခဲ့ပြီး နီးစပ်ရာဆေးရုံသို့ ဆေးကုသမှုခံယူဖို့ စေလွှတ်ထားပြီးဖြစ်တယ်လို့ ရဲအရာရှိတစ်ဦးက ပြောပါတယ်။

အဲဒီရပ်ကွက်ဟာ ဒေလီတက္ကသိုလ်လက်အောက်ရှိကောလိပ်တွေနဲ့ ကျူရှင်ကျောင်းတွေ ဝိုင်းရံထားတဲ့ နေရာဖြစ်တာကြောင့် ဒီလိုမျိုးအထပ်မြင့်တိုက်ခန်းတွေမှာ ကျောင်းသားအများအပြား နေထိုင်ကြောင်း သိရပါတယ်။

Ref: Xinhua

## အီရန်က အမေရိကန်စစ်သင်္ဘောနှစ်စင်းကို ပစ်ခတ်တိုက်ခိုက်

**တီဟီရန်၊ စစ်ရေး**

အီရန်စစ်သင်္ဘောတွေကို နှောင့်ယှက်ပြီး ရေကြောင်းပိတ်ဆို့မှုမှာ ပါဝင်ခဲ့တဲ့ အမေရိကန်ရဲ့ လေယာဉ်တင်သင်္ဘောတစ်စင်းနဲ့ဖျက်သင်္ဘောတစ်စင်းကို အမြင့်ပျံဒုံးကျည်အများအပြားနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရန်ရဲ့ အစ္စလာမ်မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့ (IRGC) က စက်တင်ဘာလ ၆ ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။

အဲဒီအမေရိကန် စစ်သင်္ဘောနှစ်စင်းဟာ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားပြီး ပဋိပက္ခဖြစ်ပွားရာဇရိယာအတွင်းကနေ ထွက်ပြေးသွားတယ်လို့ IRGC ရဲ့ တရားဝင်သတင်းဌာနက ဖော်ပြပါတယ်။ အမေရိကန်အနေနဲ့ ရန်လိုတဲ့ ဒီလိုလုပ်ရပ်တွေ ဆက်လက်လုပ်ဆောင်နေပါက ပိုမိုပြင်းထန်တဲ့ တုံ့ပြန်မှုတွေနဲ့ ရင်ဆိုင်ရမယ်လို့လည်း သတိပေးထားပါတယ်။

ဒါ့အပြင်ပြီးခဲ့တဲ့ စက်တင်ဘာလ ၅ ရက် ညပိုင်းကလည်း ဟော်မုဇရေလက်ကြားမှာ အမေရိကန်နဲ့ ဆက်စပ်နေတဲ့ သင်္ဘောသုံးစင်းကို ပစ်ခတ်တိုက်ခိုက်ခဲ့သေးကြောင်း IRGC ရေတပ်က အတည်ပြုပြောထားပါတယ်။


Ref: Xinhua

# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၈)အစုန် DEMU ရထားတွဲဆိုင်းအား ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာ့မီးရထားအနေဖြင့်ရထားစီး ခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီ ၄၁ မိနစ်တွင်အမှတ်(၈)အစုန်နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ခရီးဆုံးဘူတာဖြစ်သည့် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိပြီး ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရထားတွဲဆိုင်းအားသိမ်းယူရန် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ(အင်းစိန်)သို့ ထွက်ခွာစဉ် ကြည့်မြင်တိုင်ဘူတာအဝင် မိုင်တိုင်၊ ၃/၁၀ နှင့် မိုင်တိုင် ၃/၁၁ အကြား ည ၆ နာရီ ၁၀ မိနစ်တွင် ရထားဖြတ်သန်းစဉ် ဘုန်းကြီးကျောင်းလမ်းကူးမှအမည်မသိလူတစ်ဦးက ရထားအားခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ အထက်တန်းတွဲ DEMU (U) 5020၏ခုံအမှတ် 3A နှင့် 3B အကြား ပြတင်းတံခါးဘေးလေကာမှန် ၂ လက်မခန့် ပေါက်ထွက်ကြေမွကွဲအက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဦးစွာ အခင်းဖြစ်ပွားရာသို့ စစ်ဆေးခဲ့ပြီး တရားခံအား ဖမ်းဆီးရမိရေးအတွက် CCTV မှတ်တမ်းအရ လှည့်ကင်း၊ ဝပ်ကင်းများဖြင့် ဝိုင်းပတ်ပိတ်ဆို့ပြီး ရထားသံလမ်းတစ်လျှောက်ရှာဖွေခဲ့ရာ ယနေ့ နံနက်၃ နာရီတွင်စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်၊ ခတ္တာလမ်းရှိ အလုံမြို့နယ်၊ အလုံဘူတာနှင့် ရှမ်းလမ်းဘူတာအကြား ရထားလမ်းဘေး မြောင်းအဖုံးပေါ်တွင် အိပ်နေသူ တင်ထွန်း(ခ) ဂနေးစား၊ အသက်(၄၁)နှစ်၊ (ဘ)ဦးမန်းနီး၊ ဆင်မင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေသူအား CCTV မှတ်တမ်းဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ တူညီမှုရှိသဖြင့် ၎င်းအားဖမ်းဆီးခေါ်ဆောင်၍ စမ်းချောင်းမြို့မရဲစခန်း၌ (ပ)၃၆၁/၂၀၂၆၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ(၈၄)ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ထားပြီး ထပ်မံစစ်ဆေးခဲ့ရာ စက်တင်ဘာလ ၄ ရက်က အလားတူဖြစ်ပွားခဲ့သည့် အမှတ်(၈)အစုန် DEMU ရထား၏ပထမတန်းတွဲအားခဲဖြင့်ပစ်ပေါက်ခဲ့သည့် အမှုပါ ပေါ်ပေါက်ခဲ့သည်။



အမှတ်(၈)အစုန် DEMU ရထားအားခဲဖြင့်ပစ်ပေါက်မှုကြောင့် အထက်တန်းတွဲ၏ ပြတင်းတံခါးဘေးလေကာမှန် ၂ လက်မခန့် ပေါက်ထွက်ကြေမွအက်ကွဲမှုကို တွေ့ရစဉ်။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ အနှစ် ၂၀ အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များ အသီးသီးချမှတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သိရသည်။

**မြဝတီ**






အမှတ်(၈)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိတရားခံကို တွေ့ရစဉ်။

# မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာလ ၇ ရက်မှ စက်တင်ဘာလ ၁၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။




မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

▲ ကျောဖုံးမှအဆက်

မြင်းစီးအားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲ ကျင်းပရာတွင် ၄၀ ကီလိုမီတာ ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက Flag-off အလံလွှင့်ခြင်းနှင့် မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ခေါင်းလောင်းတီးခြင်းတို့ဖြင့် တစ်ပြိုင်တည်းတာလွှတ်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အားကစားသမား ရှစ်ဦးနှင့် မြင်းရှစ်ကောင် စုစုပေါင်း ပြိုင်ပွဲဝင်အတွဲ ရှစ်တွဲယှဉ်ပြိုင်ကြသည်။

စစ်ဆေးမှုများအပြီးတွင် ၄၀ ကီလိုမီတာခရီးရှည်မြင်းစီး အရည်အချင်းစစ်ပြိုင်ပွဲအောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများအား အရည်အချင်းစစ်ဆေးမှုအောင်မြင်ကြောင်းအောင်လက်မှတ်များပေးအပ်ပွဲကျင်းပရာ တာဝန်ရှိသူများက စစ်ဆေးမှုရလဒ်များကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ပြိုင်ပွဲဝင်အားကစားသမားများနှင့်မြင်းရှစ်တွဲတို့အနက် အရည်အချင်းစစ်ဆေးမှုအောင်မြင်ခဲ့သော အားကစားသမားများနှင့် မြင်းခုနစ်တွဲအတွက် အရည်အချင်းစစ် အောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅˚C / | ၃၂˚C |
| ရန်ကုန် | ၂၄˚C / | ၃၃˚C |
| မန္တလေး | ၂၈˚C / | ၃၆˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၀၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး




အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
PYIN OO LWIN NAN MYAING
MOUNT PLEASANT COFFEE 2 plus1
KHA YAE PIN MART
SUGARMEC
Lemon Tea
SHWE PHE OO
TRISTAR
နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
သဘာဝအတိုင်း အရသာရှိ ဖိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ယခုနှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများကို ပိုဂါကာ လွဲချော်မည်ဖြစ်ကြောင်း ထုတ်ပြန်



**မက်ဒရစ် စက်တင်ဘာ ၆**

ယူအေအီးစက်ဘီးစီးအသင်းက အသင်းမှထိပ်တန်းစက်ဘီးစီးသမား ပိုဂါကာအနေဖြင့် ဒဏ်ရာကြောင့် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများအားလုံးကို လွဲချော်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ပိုဂါကာသည် ပြီးခဲ့သည့် ဩဂုတ်လ ၂၂ ရက်က စပိန်နိုင်ငံ၌ စတင်ကျင်းပခဲ့သည့် Vuelta a Espana 2026 ပြိုင်ပွဲ အဆင့်(၁၂)ပြိုင်ပွဲတွင် မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသည့်အတွက် ယခုနှစ်ကုန်အထိ အနားယူရနိုင်သည့် အခြေအနေများကြောင့် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများတွင် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း ယူအေအီးအသင်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပိုဂါကာသည် မတော်တဆမှုကြောင့်ရရှိခဲ့သည့် ဘယ်ဘက်ညှပ်ရိုးကျိုးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရသည့်အပြင် ဦးခေါင်းတွင်လည်း ပြင်းပြင်းထန်ထန်ထိခိုက်ခဲ့ခြင်းဖြစ်သည်။ ပိုဂါကာသည် လက်ရှိကျင်းပနေသည့် Vuelta a Espana 2026 ပြိုင်ပွဲတွင် အဆင့်(၁)ပြိုင်ပွဲ၊ အဆင့်(၄)ပြိုင်ပွဲနှင့် အဆင့်( ၆)ပြိုင်ပွဲတို့တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး သုံးကြိမ်အထိ ချန်ပီယံဆုရယူထားသည်။

ပိုဂါကာသည် အဓိကပြိုင်ပွဲများဖြစ်သည့် World Championships စက်ဘီးစီးပြိုင်ပွဲ၊ European Championships စက်ဘီးစီးပြိုင်ပွဲနှင့် II Lombardia စက်ဘီးစီးပြိုင်ပွဲတို့ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

***Ref;TNT Sports***

# အားကစားဒါရိုက်တာဟုဂိတ်နှင့် လမ်းခွဲကြောင်း လီဗာပူးအသင်းအတည်ပြု

**လန်ဒန် စက်တင်ဘာ ၆**

လီဗာပူးအသင်းက အားကစားဒါရိုက်တာဟုဂိတ်နှင့် လမ်းခွဲကြောင်း အတည်ပြုကြေညာခဲ့သည်။

လီဗာပူးအသင်းက ဟုဂိတ်အား ၂၀၂၄ ခုနှစ် မတ်လက စတင်ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် အသင်းတွင် ကစားသမားခေါ်ယူမှုအပိုင်း၊ အသင်းအနာဂတ်စီမံကိန်းနှင့် အသင်းအားကစားဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်း၌ အရေးပါသည့် တာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဟုဂိတ်အနေဖြင့် လီဗာပူးအသင်း အားကစားဒါရိုက်တာအဖြစ် တာဝန်ယူခဲ့ပြီးနောက် အပြောင်းအရွှေ့ကာလများတွင် အီဆက်၊ ဖလိုရီယန်ဝက်ဇ်၊ ဖရင်ပေါင်စသည့်ထိပ်တန်းကစားသမားများကို ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလများတွင် ခေါ်ယူမှုလုပ်ဆောင်နိုင်ခဲ့သကဲ့သို့ ယခုနှစ် အပြောင်းအရွှေ့ကာလတွင်လည်း ဘာကိုလာ၊ မူနေ့၊ အာရူဂျီစသည့် ထိပ်တန်းကစားသမားများကိုလည်း ဆက်လက်ခေါ်ယူပေးနိုင်ခဲ့သူဖြစ်သည်။

အားကစားဒါရိုက်တာ ဟုဂိတ်သည် လီဗာပူးအသင်းနှင့် လမ်းခွဲပြီးနောက် ဆော်ဒီထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်ဟီလယ်အသင်းတွင် ရာထူးတစ်နေရာဖြင့် တာဝန်ထမ်းဆောင်ရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

***Ref;BIR Football***

# ကွင်းလယ်ကစားသမားဂွမ်ဒူဇီ ပွဲပယ်ပြစ်ဒဏ်နှင့်ဒဏ်ကြေးငွေ ချမှတ်ခံရ

**အစ္စတန်ဘူလ် စက်တင်ဘာ ၆**

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ်ကစားခဲ့သည့် ဖီနာဘာချီအသင်းနှင့် လိုင်ယွန်အသင်းပွဲစဥ်မှ ဖြစ်ရပ်အတွက် ဖီနာဘာချီအသင်းကွင်းလယ်ကစားသမား ဂွမ်ဒူဇီအား လေးပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေ ယူရို ၅၀၀၀၀ ချမှတ်ခဲ့သည်။



ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ဩဂုတ်လ ၂၇ ရက်က ဖီနာဘာချီအသင်းက လိုင်ယွန်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဥ်တွင် ဂွမ်ဒူဇီသည် ပွဲကစားချိန်အတွင်း ပြိုင်ဘက်လိုင်ယွန်အသင်းပရိသတ်များ၏ ပွဲကြည့်စင်ဘက်သို့ ရိုင်းပျသည့်အမူအရာဖြင့် အောင်ပွဲခံမှုလုပ်ဆောင်ခဲ့သည်။

ဂွမ်ဒူဇီအနေဖြင့် လိုင်ယွန်အသင်းပရိသတ်များရှိသည့် ပွဲကြည့်စင်ဘက်သို့ ရိုင်းပျသည့်အမူအရာဖြင့် လုပ်ဆောင်ခဲ့သည့်အတွက် လိုင်ယွန်အသင်းကစားသမားများက သွားရောက်တားဆီးခဲ့ရာမှ အချင်းများမှုစတင်ခဲ့ပြီး ပထမပိုင်းအပြီး ဥမင်လိုဏ်ခေါင်းအတွင်း၌လည်း လိုင်ယွန်အသင်းကစားသမားများနှင့် ထပ်မံအချင်းများမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဂွမ်ဒူဇီ၏ လုပ်ရပ်နှင့်ပတ်သက်ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ပြီးနောက် လေးပွဲပယ်ပြစ်ဒဏ်အပြင် ဒဏ်ကြေးငွေ ယူရို ၅၀၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

***Ref;TNT Footall***

# စပါးအသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစသုံးပွဲဆက် သွင်းဂိုးမရရှိသည့်မှတ်တမ်းဆိုးရရှိ

**လန်ဒန် စက်တင်ဘာ ၆**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ကစားသည့် နော်တင်ဟမ်အသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ပြီးနောက် စပါးအသင်းအနေဖြင့် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ရာသီအစသုံးပွဲဆက် သွင်းဂိုးမရရှိသည့်မှတ်တမ်းဆိုးရရှိခဲ့သည်။



စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက တန်းဆင်းဇုန်တွင် ရုန်းကန်ခဲ့ရပြီးနောက် ယခုဘောလုံးရာသီအတွက် အပြောင်းအလဲကြီးကြီးမားမားလုပ်ဆောင်ခဲ့ပြီး နည်းပြသစ်အဖြစ် ဒီဇာဘီအား ခန့်အပ်ခဲ့သည်။ အပြောင်းအရွှေ့ကာလတွင်လည်း အသင်းစံချိန်တင်အသုံးစရိတ်အဖြစ် ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရို သန်း ၄၀၀ ကျော် အသုံးပြုပြီး ကစားသမားသစ်များကို ခေါ်ယူအင်အားဖြည့်တင်းခဲ့သော်လည်း ရာသီအစပိုင်းတွင်ပင် ရလဒ်ဆိုးများနှင့် တွေ့ကြုံနေရခြင်းဖြစ်သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၁)အဖြစ် ကစားခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် ၃ ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ပြီး ပွဲစဉ်(၂)အဖြစ် ကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင်လည်း ၂ ဂိုး-ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ကာ ပွဲစဉ်(၃)အဖြစ် ကစားခဲ့သည့် နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်တွင်လည်း ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ စပါးအသင်း တိုက်စစ်ပိုင်းအနေဖြင့် သုံးပွဲတွင် တစ်ဂိုးမှ သွင်းယူနိုင်ခြင်းမရှိသည်အထိ ရုန်းကန်နေရပြီး မှတ်တမ်းဆိုးရရှိခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလတွင် မူဒရစ်၊ အိုမာမာမွတ်၊ ဆာဗီယို၊ တိုနယ်လီ၊ ဆန်ဆီ၊ မက်သရူး၊ ဗန်ဟက်ကန်၊ ရောဘတ်ဆန်စသည့်ကစားသမားများကို ခေါ်ယူထားသော်လည်း အသင်းအနေဖြင့် ရာသီအစပိုင်းတွင်ပင် ရုန်းကန်နေရပြီး စပါးအသင်းနည်းပြ ဒီဇာဘီအနေဖြင့်လည်း ယခုဘောလုံးရာသီပရီးမီးယားလိဂ်တွင် ပထမဆုံးထုတ်ပယ်ခံရနိုင်သည့် နည်းပြအဖြစ် ရေပန်းစားလာခဲ့သည်။ စပါးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၄) အဖြစ် အဲဗာတန်အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

***Ref;B/R Football***

# England Girl's Champion of Champion ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မာရီယာလာ ချန်ပီယံဆုဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၆**

အင်္ဂလန်နိုင်ငံ၌ကျင်းပခဲ့သည့် England Girl's Champion of Champion ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မာရီယာလာက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

England Girl's Champion of Champion ဂေါက်သီးရိုက်ပြိုင်ပွဲသည် အင်္ဂလန်ထိပ်တန်းလူငယ်ကစားသမားအများစု ပါဝင်သည့်ပြိုင်ပွဲတစ်ခုဖြစ်ကာ အင်္ဂလန်လူငယ်ဂေါက်သီးမယ်များအတွက် အရေးပါသည့်ပြိုင်ပွဲတစ်ခုဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မာရီယာလာက ပြိုင်ပွဲပထမရက်ဖြစ်သည့် စက်တင်ဘာလ ၄ ရက်တွင် ၇၂ချက်၊ ဒုတိယရက်ဖြစ်သည့် စက်တင်ဘာလ ၅ ရက်တွင် ၇၄ ချက် စုစုပေါင်းရိုက်ချက် ၁၄၆ ချက်ဖြင့် ပြိုင်ဘက်အသင်းကစားသမားများထက် နှစ်ချက်လျှော့နည်းခဲ့ပြီးနောက် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

မာရီယာလာသည် Bristol Clifton ဂေါက်ကလပ်တွင်ကစားနေသူဖြစ်ပြီး အင်္ဂလန်ယူ-၁၈ အမျိုးသမီးအသင်းနှင့်လည်း နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ကစားနေသူဖြစ်သည်။ မာရီယာလာသည် လာမည့် European Young Masters လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်း ဝင်ရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။

***Ref;PGA Tour***

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားနှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့



မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပြည်ပနိုင်ငံသားများအား တာဝန်ရှိသူများက ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦးတို့အား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၈၁ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၀ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ(၂၀၂၆) ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ



**ရန်ကုန် စက်တင်ဘာ ၆**

အားကစားရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူးပြီး SAI ZAWZAW Group မှ ကျင်းပသည့် ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ(၂၀၂၆) ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပသည်။

၅၁ ကီလိုတန်း၌ စည်သူဖြိုး (ဒွိရိုးရာ)နှင့် ဆလိုင်းထန်ခွီးရှိန် (ကျားမနိုင်)တို့ပွဲတွင် ဆလိုင်းထန်ခွီးရှိန်အနိုင်ရရှိသည်။ ဂေါ်ဇက(ရိုးရာစွမ်းအား)နှင့်အောင်ကိုဦး(YKB Club) တို့ပွဲတွင် ပထမအချီ ၁ မိနစ်နှင့် ၂၅ စက္ကန့်၌ ဂေါ်ဇက၏ဘယ်အမြင့်ကန်ချက်ထိပြီး အောင်ကိုဦး အမှတ်စဉ်ရေခံရကာ ဆက်လက်မယှဉ်ပြိုင်နိုင်၍ ဒိုင်ပွဲရပ်ဖြင့် ဂေါ်ဇကအနိုင်ရရှိသွားသည်။

၅၄ ကီလိုတန်း၌ အောင်ထွန်းဘို (ဒွိရိုးရာ)နှင့် ကိုကို(ဘိလပ်မြေစက်ရုံ) တို့ပွဲတွင် အောင်ထွန်းဘို အလဲထိုးဖြင့်အနိုင်ရရှိသည်။ နိုင်အောင်ရှင် (ခေးယုဝါး)နှင့် မြလုံးချော (ရွှေလက်သီး)တို့ပွဲတွင် မြလုံးချော အလဲထိုးဖြင့် အနိုင်ရရှိသည်။

၅၇ ကီလိုတန်း၌ အောင်ကောင်း (ဘိလပ်မြေစက်ရုံ)နှင့်ကျော်ဝေယံထွန်း (Top One)တို့ပွဲတွင် အောင်ကောင်း (ဘိလပ်မြေစက်ရုံ) အနိုင်ရရှိသည်။ အာဖရိက(555 Sports)နှင့် အောင်ထက်ဦး(ဒွိရိုးရာ) တို့ပွဲတွင် ဆိုင်ထိုးပြိုင်ထိုးခဲ့ကြသော်လည်း တစ်ဦးနှင့်တစ်ဦးအလဲမထိုးနိုင်သဖြင့် အမှတ်ပေးဒိုင်နှစ်ဦးက အာဖရိကကိုအနိုင်ပေးလိုက်သည်။

၆၀ ကီလိုတန်း၌ စီတိုး(ခေးယုဝါး) နှင့် အောင်ဇော်မျိုး(ဘိလပ်မြေစက်ရုံ)တို့ပွဲတွင် စီတိုးက တတိယအချီတွင်အနိုင်ရရှိသွားပြီး သန့်ဇင် (တော်ဝင်ဧရာ)နှင့် ဒေါနဟိန်း (Warriors)တို့ပွဲတွင် ပွဲစသည်နှင့် သန့်ဇင်ရဲ့ တိကျပြီးအားပါသည့် ထောက်လက်သီးများ ဒေါနဟိန်းကိုထိသည်။ အနီးကပ်ထိုးသတ်မှုတွင်လည်း ဘော်ဒီရှော့တွေက စက်လက်သီးလိုလျင်မြန်စွာထိုးသတ်နိုင်၍ ပထမအချီမှာပင် ဒေါနဟိန်း အမှတ်စဉ်ရေခံရသည်။ ဒုတိယအချီတွင် ဒေါနဟိန်း ပြိုင်ဘက်သန့်ဇင်ကို ဖိအားပေးထိုးသတ်ဖို့ကြိုးစားရင်း ဦးခေါင်းဒဏ်ရာရကာ သန့်ဇင်အနိုင်ရရှိသွားသည်။

၆၃.၅ ကီလိုတန်း၌ ထူးကညော (YKB)နှင့် ကြယ်စင်ထွန်း(Warriors) တို့ပွဲတွင် ထူးကညောက ကြယ်စင်ထွန်းကို အမှတ်ဖြင့်လည်းကောင်း၊ ရဲလင်းဦး(Vanguard)နှင့် ဘစိုးဝဏ္ဏ (ဓာထက်မိတ္ထီလာ)တို့ ပွဲတွင် ရဲလင်းဦးကလည်းကောင်း အမှတ်ဖြင့်အနိုင်ရရှိကြသည်။ ၆၇ ကီလိုတန်း အဖိုးသွေး(ခေးယုဝါး)နှင့် ထွန်းနိုင်ဦး(STL)တို့ပွဲတွင် အဖိုးသွေးက ဒုတိယအချီတွင်လည်းကောင်း၊ ကညောခွား(ဘိလပ်မြေစက်ရုံ)နှင့် ရှင်းထက်(ဓာထက်မိတ္ထီလာ)တို့ပွဲတွင် ကညောခွားက အမှတ်ဖြင့်လည်းကောင်းအနိုင်ရရှိကြသည်။

အဆိုပါ ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ(၂၀၂၆)ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် သိမ်ဖြူလက်ဝှေ့ရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

**➥ ကျောဖုံးမှအဆက်**

ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကအားကစားရေးရာဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကဥပဒေရေးရာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းကပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကအလုပ်သမားဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို ၂ ပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၇ ရက်**(ယနေ့)** နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့်ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့်အလုပ်သမားဝန်ကြီးဌာနအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့်ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့်ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့်ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့သည် လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈

ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉

မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၈

**ပျောက်ဆုံးကြောင်း**
ကျော်မိုး(ဘ)ဦးစံခင် ၁၂/ရကန(နိုင်)၀၂၆၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေးလှ(ဘ)ဦးထွန်းရွှေ ၃/ဖပန(နိုင်)၀၅၈၆၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ML 113661)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ထင်အောင်ရှင်း(ဘ)ဦးအေးကျော်မင်း ၁၂/ကမရ(နိုင်)၀၆၆၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 773553)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၀၇၇၇၆၆

**ပျောက်ဆုံးကြောင်း**
ရှိစီပါးရ်(ဘ)ဦးဂိုတလိုန်း ၅/ခပန(နိုင်)၀၁၃၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ရတနာဝင်း(ဘ)ဦးဇော်နိုင်ဝင်း ၇/ဖမန(နိုင်)၁၆၃၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၁၉၉၆၇၁၀

**ပျောက်ဆုံးကြောင်း**
နှင်းဝေဖူး(ဘ)ဦးကြည်တိုး ၇/ပခန(နိုင်)၄၆၃၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ်-၅ဃ/၇၉၆၄၂ လက်ဝယ်ရှိသူ ဦးလှဝင်း မှတ်ပုံတင်အမှတ်၊ ၁၀/ကမရ(နိုင်)၀၄၂၃၁၀ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

**အမည်မှန်**
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောင်မြင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-2 တွင် ပညာသင်ကြားနေသော အဘ ဦးမြသင်း၏သမီး မမြဂုဏ်ရောင်ဝါ၏အမည်မှန်မှာ မပြည့်မှူးသော်ဖြစ်ပါကြောင်း။ **မပြည့်မှူးသော်**

**ဖခင်အမည်မှန်**
လယ်ဝေးမြို့နယ်၊ အ.ထ.က သပြေပင် Grade-12 တွင် ပညာသင်ကြားနေသော မောင်လွင်ကိုကိုချစ်နှင့် Grade-8 တွင်ပညာသင်ကြားနေသော မောင်လွင်ချစ်လေးတို့၏ဖခင်အမည်မှန်မှာ ဦးမင်းလွင်ထွဏ်းဖြစ်ပါကြောင်း။ **ဦးမင်းလွင်ထွဏ်း**

**ဖခင်အမည်မှန်**
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သပြေပင် Grade-8 တွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမင်းထွန်းဖြစ်ပါကြောင်း။ **ဦးမင်းထွန်း**

**ဖခင်အမည်မှန်**
ပျဉ်းမနားမြို့၊ ကောင်းထူးချွန် Private High School ကျောင်း Grade-12 Eco"C" မှ မောင်ပြည့်စုံအောင်၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေး ၉/လဝန(နိုင်)၂၀၇၈၇၉ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထွေး**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မူလွန်(၂၉)သစ်ဝင်းတိုင်း Grade-6 မှ မစုပိုပိုချစ်၏ဖခင် ဦးဖိုးလှော်၏အမည်မှန်မှာ ဦးမျိုးချစ် ၉/ဥတသ(နိုင်)၀၀၈၇၈၁ ဖြစ်ပါကြောင်း။ **ဦးမျိုးချစ်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အ.ထ.က(ခွဲ)ပေါက်ကုန်း ကျောင်းဝင်အမှတ် ၀၀၅၄ Grade-12 သင်ဆဲမှ မောင်ကြယ်စင်ခန့်၏ဖခင် ဦးကိုဆန်း၏အမည်မှန်မှာ ဦးစန်း ၈/တတက(နိုင်)၁၄၂၆၆၂ ဖြစ်ပါကြောင်း။ **ဦးစန်း**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် UAZLကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းဝင်အမှတ်(၁၄၃၅)Grade-12 သင်ဆဲမှ မမေပပကျော်၏ဖခင် ဦးကျော်စွာ၏အမည်မှန်မှာ ဦးကျော်စွာလင်း ၅/မရန(နိုင်)၁၂၇၃၆၉ ဖြစ်ပါကြောင်း။ **ဦးကျော်စွာလင်း**

**ပျောက်ဆုံးကြောင်း**
ညီညီအောင်(ဘ)ဦးစံရွှေမောင် ၁၁/မပန(နိုင်)၁၄၇၉၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
တင်မင်းဦး(ဘ)ဦးမြင့်အောင် ၁၀/ပမန(နိုင်)၁၈၈၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၆၄၄၆၆၀

**ပျောက်ဆုံးကြောင်း**
မောင်အေးသိန်း(ဘ)ဦးစိန် ၁၀/ခဆန(နိုင်)၀၉၇၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၃၉၃၆၂၁

**ပျောက်ဆုံးကြောင်း**
မောင်နေလင်းဦး(ဘ)ဦးစံလွင် ၁၀/ပမန(နိုင်)၂၈၄၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၂၄၃၇၈

**ပျောက်ဆုံးကြောင်း**
နန္ဒာစိုးဝင်း(ဘ)ဦးစိုးဝင်း ၁၄/ညတန(နိုင်)၁၆၃၆၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 860526)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၃၃၄၄၅၂

**ပျောက်ဆုံးကြောင်း**
ခင်ထက်မွန်(ဘ)ဦးအေးလွင် ၇/ပခန(နိုင်)၄၂၉၃၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျောက်တော်မြို့၊ ပြည်တော်သာရပ်ကွက်နေ မယဉ်ယဉ်မိုး(ဘ)ဦးစောရွှေဖြူ ၁၁/ကတန(နိုင်)၁၇၉၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၀၄၃၉၃

**ဖခင်အမည်မှန်**
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သပြေပင်Grade-8တွင်ပညာသင်ကြားနေသော မသဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဆန်းမြင့်ဦးဖြစ်ပါကြောင်း။ **ဦးဆန်းမြင့်ဦး**

**အမည်မှန်**
လားရှိုးမြို့၊ အ.ထ.က(ခွဲ)အလက(၅) Grade-3 မှ အဘ ဦးသက်ခိုင်၏သား မောင်ဘုန်းပြည့်ခန့်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ဘုန်းမင်းခန့် ဖြစ်ပါကြောင်း။ **မောင်ဘုန်းမင်းခန့်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် (ဆတ်သွား)အ.ထ.က ကျောင်းဝင်အမှတ်(C-3646) Grade-12(D)သင်ဆဲမှ မောင်ဥက္ကာဖြိုး၏ဖခင် ဦးညီညီ၏အမည်မှန်မှာ ဦးညီညီလှိုင် ၈/တတက(နိုင်)၁၂၈၈၁၇ ဖြစ်ပါကြောင်း။ **ဦးညီညီလှိုင်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အ.ထ.က(ခွဲ)ပေါက်ကုန်း ကျောင်းဝင်အမှတ် ၀၀၆၉ Grade-8 သင်ဆဲမှ မောင်ဇော်သူဟိန်း၏ဖခင် ဦးဇာနည်၏အမည်မှန်မှာ ဦးဇာနည်ကျော် ၈/တတက(နိုင်)၁၄၂၆၈၀ ဖြစ်ပါကြောင်း။ **ဦးဇာနည်ကျော်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အ.လ.က(ချင်းကုန်း) ကျောင်းဝင်အမှတ် ၄၈၁ Grade-9 သင်ဆဲမှ မနှင်းပြည့်ဇင်၏ဖခင် ဦးရွှေတိုး၏အမည်မှန်မှာ ဦးလှမိုးနိုင် ၈/တတက(နိုင်)၀၇၂၈၀၁ ဖြစ်ပါကြောင်း။ **ဦးလှမိုးနိုင်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အ.ထ.က(ခွဲ)ဝက္ကသေး ကျောင်းဝင်အမှတ်(၀၀၄၆) Grade-8 သင်ဆဲမှ မစုပြည့်သဇင်၏ဖခင် ဦးအောင်ဇော်မိုး၏အမည်မှန်မှာ ဦးအောင်ကျော်မိုး ၈/တတက(နိုင်)၁၆၁၂၅၄ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်မိုး**

**ပျောက်ဆုံးကြောင်း**
နှင်းရွှေစင်(ဘ)ဦးအောင်ရွှေ ၃/ဘအန(နိုင်)၄၄၇၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၀၁၂၉၃၁

**ပျောက်ဆုံးကြောင်း**
မာမက်ရာဟင်(ဘ)ဦးမာမွတ်တာလီ ၁၀/မလမ(နိုင်)၃၂၀၀၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၆၆၅၄၆

**ပျောက်ဆုံးကြောင်း**
ဦးလှိုင်ဝင်း(ဘ)ဦးညီ ၁၀/သဖရ(နိုင်)၁၃၈၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 063900)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၃၉၉၆၃၅

**ပျောက်ဆုံးကြောင်း**
ဦးကျော်ဌေး(ဘ)ဦးစန်း ၁၀/မဒန(နိုင်)၁၅၅၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၆၄၅၆၅၈

**ပျောက်ဆုံးကြောင်း**
သန်းနိုင်ထွန်း(ဘ)ဦးသိန်းထွန်း ၈/ရစက(နိုင်)၁၈၈၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ပြည့်စုံအောင်(ဘ)ဦးတင်ဦး ၇/ကပက(နိုင်)၁၀၆၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်မြင့်မြတ်(ဘ)ခင်မောင်လှ ၉/ဝတန(နိုင်)၁၉၁၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်မှန်**
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က ကံသာ Grade-12 မှ ပညာသင်ကြားနေသော မမိုးပြည့်ပြည့်၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၉/လဝန(နိုင်)၀၂၂၀၈၈ ဖြစ်ပါကြောင်း။ **ဦးဝင်း**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၃) Grade-4 စကားဝါခန်းမှ မသင်းသီရိသူ၏ဖခင် ဦးမင်းခန့်ဇော်၏အမည်မှန်မှာ ဦးမင်းမွန်သော် ၇/ပမန(နိုင်)၁၇၄၀၂၄ ဖြစ်ပါကြောင်း။ **ဦးမင်းမွန်သော်**

**ဖခင်အမည်မှန်**
လယ်ဝေးမြို့၊ အ.ထ.က(ခွဲ)ရေကာ Grade-7 မှ မောင်မျိုးမင်းသန့်၏ဖခင် ဦးသန်းကျော်ဦး၏အမည်မှန်မှာ မောင်မျိုးသန့်ဖြစ်ပါကြောင်း။ **မောင်မျိုးသန့်**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အ.ထ.က(ခွဲ)ပေါက်ကုန်း ကျောင်းဝင်အမှတ် ၀၀၅၂ Grade-12 သင်ဆဲမှ မောင်ကောင်းမြတ်သူ၏ဖခင် ဦးအောင်ကျော်မိုး၏အမည်မှန်မှာ ဦးအောင်ဇော်မိုး ၈/တတက(နိုင်)၁၀၅၅၉၀ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်မိုး**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် (ဆတ်သွား)အ.ထ.က ကျောင်းဝင်အမှတ်(C-3643) Grade-12(D) သင်ဆဲမှ မတင်မိုးလွင်၏ဖခင် ဦးဇော်၏အမည်မှန်မှာ ဦးကိုဇော် ၈/တတက(နိုင်)၀၉၉၃၃၂ ဖြစ်ပါကြောင်း။ **ဦးကိုဇော်**

**မိဘအမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အ.ထ.က(ခွဲ)ပေါက်ကုန်း Grade-8 သင်ဆဲမှ မောင်ဇော်သူဟိန်း၏မိခင် ဒေါ်ခင်ဝင်းရီ၏အမည်မှန်မှာ ဒေါ်ခင်မာဝေနှင့် ဖခင် ဦးဇာနည်၏အမည်မှန်မှာ ဦးဇာနည်ကျော် ၈/တတက(နိုင်)၁၄၂၆၈၀ ဖြစ်ပါကြောင်း။ **ဦးဇာနည်ကျော်-ဒေါ်ခင်မာဝေ**

**ပျောက်ဆုံးကြောင်း**
ဘုန်းပြည့်စုံကျော်(ဘ)ဦးကျော်ကျော်လွင် ၁၂/သလန(နိုင်)၂၀၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၂၆၄၆၃၆

**ပျောက်ဆုံးကြောင်း**
ရဲဝင်းထွန်း(ဘ)ဦးအောင်သန်းရွှေ ၁၀/သဖရ(နိုင်)၁၅၃၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၆၆၅၄၆

**ပျောက်ဆုံးကြောင်း**
မသက်သက်ထွန်း(ဘ)ဦးကံရှင် ၁၀/ကမရ(နိုင်)၁၄၆၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 586671)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

**ပျောက်ဆုံးကြောင်း**
မဝါဝါဝင်း(ဘ)ဦးဝင်းဗိုလ် ၁၀/ရမန(နိုင်)၁၉၄၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၉၂၂၀၇၂

**ပျောက်ဆုံးကြောင်း**
အေးချမ်းဝေ(ဘ)ဦးကျော်သန်း ၇/နတလ(နိုင်)၁၃၈၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ရွှန်းလဲ့ပြုံး(ဘ)ဦးမျိုးနန်းထွေး ၁၂/သကတ(နိုင်)၂၀၀၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ညွှန့်တင်(ဘ)ဦးဖေ ၅/အတန(နိုင်)၀၀၄၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂


**ပျောက်ဆုံးကြောင်း**
ဒေါ်မိမိခိုင်(ခ)မီမီစု ၁၂/ကမရ(နိုင်)၀၂၇၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၆၂၈၈၂၉

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် စက်တင်ဘာ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဟန်ွိုင်းမြို့၊ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်မင်းနှင့်တာဝန်ရှိသူများက **စာမျက်နှာ ၁၅ ကော်လံ ၁** ⇨

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား
ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်
ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊
တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင်
ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## AFC U 20 Asian Cup ခြေစစ်ပွဲနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းက မော်လ်ဒိုက်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ယူ



ရန်ကုန် စက်တင်ဘာ ၆

2027 AFC U 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းတွင် အဆိုပါအုပ်စု (K) ပွဲစဉ်တစ်ပွဲဖြစ်သည့် မြန်မာ ယူ-၂၀ အသင်းနှင့် မော်လ်ဒိုက် **စာမျက်နှာ ၁၄ ကော်လံ ၄** ➳

## ၄၀ ကီလိုမီတာ ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၆

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ FEI 1* Endurance Qulification 40 km (၄၀ ကီလိုမီတာ) ခရီးရှည်မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ **စာမျက်နှာ ၂၆ ကော်လံ ၅** ▲



## ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း ပထမ ရွှေတံဆိပ်ဆွတ်ခူး

နေပြည်တော် စက်တင်ဘာ ၆

မြန်မာ့ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် **စာမျက်နှာ ၂၉ ကော်လံ ၁** ➡

**ယနေ့ မြဝတီ ဖတ်စရာ**

ရှိုင်ရယ်-ဒီ ရွှေခါးပတ် ချန်ပီယံဗိုလ်လုပွဲ(၂၀၂၆) ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပ စာ – ၂၉ သို့

တရုတ်စစ်သင်တန်းကျောင်းမှာ AI သင်ရိုးညွှန်းတမ်းကို လက်တွေ့နဲ့အညီ ပြောင်းလဲပြင်ဆင်ဖို့ လုပ်နေ စာ – ၂၅ သို့

အာတိတ်ရေခဲပြင်တုန်ခါမှုများမှ ရာသီဥတုပြောင်းလဲမှုအခြေအနေများကို ပညာရှင်များ ဖော်ထုတ် စာ – ၂၀ သို့